ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်၊ အင်္ဂါနေ့။ Tuesday, 17 August 2021 ၁၀၄၆၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရောဂါဖြစ်ပွားမှုနှုန်းများ ထက်ဝက်နီးပါးအထိ ကျဆင်းလာသည်ဆိုသော်လည်း အချို့မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ များပြားမှုရှိနေသေးသည်ကို တွေ့ရှိရ ကူးစက်မှုနှုန်းမြင့်မားနေသေးသည့် မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ လျော့ကျစေရေး ဂရုပြုဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

ကြေးမုံ ယနေ့ ဖတ်စရာ

**ပညာရေးတိုးတက်မှုမှ တိုင်းပြည်ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးသို့ ......** စာမျက်နှာ » ၆

**ကောင်းကင်ဘုံ တောင်ဘက်တံခါးပေါက်မှ ဖွံ့ဖြိုးရေးပန်းခင်းများ** စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် ဆေးပစ္စည်းများကို ပြခန်းပေါင်း ၃၀ ဖြင့် လက်လီ/လက်ကား ခင်းကျင်းပြသ ရောင်းချပေး** စာမျက်နှာ » ၁၅



**ပန်းခင်းဆီသို့ လှမ်းခဲ့ပါ** စာမျက်နှာ » ၁၆

ကြေးမုံ

# ပြည်တွင်းဖြစ်ကိုအားပေးမှ နိုင်ငံ့စီးပွားမြင့်မား

မြန်မာနိုင်ငံသည် ရေခံမြေခံ၊ သယံဇာတ၊ သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသောနိုင်ငံ ဖြစ်သည်။ စက်မှုနှင့် နည်းပညာမထွန်းကားသေးသော်လည်း စိုက်ပျိုးထုတ်ကုန်များ အလျှံပယ်ပေါများသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ တစ်ချိန်သောအခါက မြန်မာနိုင်ငံ၏ စိုက်ပျိုးသီးနှံထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့ ထိပ်တန်းမှ တင်ပို့နိုင်သော နိုင်ငံဖြစ်၍ နိုင်ငံခြားဝင်ငွေ များစွာရရှိခဲ့သည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များသည် ပြည်တွင်းစားနပ်ရိက္ခာ လုံလောက်ဖူလုံစွာရှိသဖြင့် အပိုအလျှံများကို ပြည်ပသို့ တင်ပို့နိုင်ပြီး ပြည်တွင်း၌လည်း ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် လူဆင်းရဲသော်လည်း အစားအသောက် မဆင်းရဲသောနိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့သည်။ မည်သည့်နေအိမ်တွင်မဆို ရောက်လာကြသော ဧည့်သည်များအား အစားအသောက် စုံလင်အောင် ကျွေးမွေးနိုင်ရာ ဧည့်ဝတ်ကျေပွန်သဖြင့် အပြန်အလှန် ဝမ်းမြောက်ဝမ်းသာ ရှေးကဖြစ်ခဲ့သည်။

ယနေ့အချိန်အခါတွင် လူဦးရေများပြားလာမှု၊ အလုပ်အကိုင်ရှားပါးမှု၊ ပယောဂမျိုးစုံ ကြုံတွေ့ရမှု၊ လူမှုစီးပွားဘဝနယ်ပယ်တို့တွင် အမျိုးမျိုးအဖုံဖုံ တိုးတက်ပြောင်းလဲလာမှု၊ ငွေကြေးဖောင်းပွမှု စသည့်လူမှုဘဝအထွေထွေ အခက်အခဲများကြောင့် စားရေး၊ သောက်ရေး၊ လူမှုစီးပွား အရေးအမျိုးမျိုးတွင် ယခင်ခေတ်ကာလများနှင့် မတူတော့သည်ကို ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာများ အလျှံပယ်ပေါများပါသော်လည်း ပြည်ပကိုသာ မှီခိုအားထားနေရသည့် အဖြစ်မှာ မဖြစ်သင့်သောကိစ္စဖြစ်သည်။ ပြည်တွင်းမှ စားနပ်ရိက္ခာများဖြင့် လောက်ငဖူလုံစွာသုံးစွဲပြီး မဖြစ်မနေလိုအပ်သည့် စားနပ်ရိက္ခာတို့ကိုသာ ပြည်ပမှတင်သွင်းခြင်းသည် ပြည်တွင်းစီးပွား၊ နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူဖြစ်စေသည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံတွင် အဓိကစားသုံးသောဆန်ကို ပြည်တွင်း၌ လုံလောက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် ပြည်တွင်းဆန်ကို အဓိကအားထားစားသုံးနေသကဲ့သို့ မြန်မာလူမျိုးများ ဟင်းလျာချက်ပြုတ်ရာတွင် မပါမဖြစ်ဖြစ်သည့် စားသုံးဆီကိုလည်း ပြည်ပမှ မှာယူတင်သွင်းခြင်းမပြုဘဲ ပြည်တွင်း၌ပင် လောက်ငဖူလုံအောင် စိုက်ပျိုးထုတ်လုပ်၍ စားသုံးသင့်ကြပေသည်။ ယခုအခါတွင် ပြည်ပမှ စားအုန်းဆီအပါအဝင် စားသုံးဆီတင်သွင်းမှုသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးထုတ်လုပ်နိုင်မှုကို မျက်ကွယ်ပြု၍ လိုအပ်သည်ထက် ပိုမိုတင်သွင်းနေရမှုများမှာ မဖြစ်သင့်သော အခြေအနေဖြစ်သည်။ ပြည်ပမှ မှာယူတင်သွင်းစားသုံးနေသော ကွက်လပ်ကို ပြည်တွင်း၌ မဖြစ်မနေ စိုက်ပျိုးထုတ်လုပ် ရောင်းဝယ်ဖောက်ကား၍ ဖြည့်ဆည်းပေးခြင်းအားဖြင့် ပြည်တွင်းငွေသည် ပြည်တွင်းမှာသာ လည်ပတ်ပြီး နိုင်ငံအတွက် အဆင်ပြေချောမွေ့မည်ဖြစ်သည်။

လတ်တလောတွင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ အဆီဖုံး၊ အဝလွန်ရောဂါများ စသည့်နာတာရှည်ရောဂါများ ထူပြောနေပြီး ဆီကို လိုသည်ထက်ပိုမိုစားသုံးခြင်းသည် အကြောင်းအချက်တစ်ခု ဖြစ်နေသည်။ ပြည်သူတစ်ဦးချင်းအနေဖြင့် ဆီစားသုံးမှုကို လျှော့ချစားသုံးခြင်း၊ ရိုးရာထုံးတမ်းစဉ်လာအရ မြန်မာလူမျိုးများသည် ဆီပြန်၊ ဆီဆမ်း၊ ဆီရွှဲရွှဲစားသုံးရသည်ကို ကြိုက်နှစ်သက်သည့် အလေ့အထများသည် ယခုအချိန်အခါတွင် သင့်တင့်ရုံသာ စားသုံးသင့်ကြပေသည်။ ပြည့်ဝဆီ၊ ပြန်ကြော်ဆီများကို စားသုံးကြသဖြင့် အသက်အရွယ်ကြီးသူများ၊ အထိုင်များသူများသာမက လူငယ်လူရွယ်များပါ ဆီစားသုံးမှုများပြားလာ၍ အဝလွန်၊ အဆီဖုံးသည့်ရောဂါမျိုးစုံ ရရှိနိုင်သည်ဖြစ်ရာ ဆီစားသုံးမှုကို လျှော့ချသင့်သည်။ မြန်မာလူမျိုးတိုင်းရင်းသားမျိုးနွယ်များဖြစ်သည့် ရှမ်း၊ ဓနု၊ ပလောင်၊ ရခိုင် စသည့် တိုင်းရင်းသားများသည် အစားအစာများတွင် ဆီအသုံးနည်းကြသဖြင့် အသက်ရှည်၊ ကျန်းမာစွာနေထိုင်နိုင်ကြသည်ကိုတွေ့ရသည်။

မျက်မှောက်ကာလ မြန်မာလူမျိုးများသည် အဆိုပါအဓိကကျသည့် စားသုံးဆီကိုသာမက ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်၊ ထုတ်လုပ်ခဲ့သည့် စားသောက်ကုန်၊ လူသုံးကုန်များကို ပစ်ပယ်ပြီး ပြည်ပမှ စားသောက်ကုန်၊ လူသုံးကုန်မျိုးစုံတို့ကို မှီခိုအားထားအသုံးပြုနေကြသည်ကို မြင်တွေ့နေရသည်ဖြစ်ရာ ပြည်ပမှ မှာယူရသည့် နိုင်ငံခြားသုံးငွေ ပိုမိုကုန်ကျရပြီး ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားကုန်ထုတ်လုပ်ငန်းများသာမက ရောင်းဝယ်ဖောက်ကားမှုလုပ်ငန်းများပါ ထိခိုက်နစ်နာသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်ပထုတ်ကုန်များသည် အရည်အသွေးကောင်းသည်ဆိုသည်ထက် ထုတ်လုပ်ထုပ်ပိုးမှု ကောင်းမွန်အမြင်တင့်၍ စားသုံးသူများ နှစ်သက်ကြသည်ဟု ဆိုနိုင်သည်။ အမှန်တကယ်တွင် ပြည်တွင်းထုတ်ကုန်များမှာ အာဟာရအာနိသင်ပိုမိုပြည့်ဝပြီး ထုတ်လုပ်မှု အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုလျှင် ထုတ်ကုန်မြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ စားသောက်ကုန်ပိုင်းနှင့်ပတ်သက်၍ ပြည်တွင်းစားသုံးကုန်များကို ပြည်တွင်းမှာပင် အဆင့်မြှင့်တင်ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ ပြန်လည်တိုးတက်ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်စီးပွားများ အဆင်ပြေ၍ နိုင်ငံခြားငွေယိုပေါက်ပိတ်ကာ တိုင်းပြည်စီးပွားလည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစားသုံးကုန်များကို အရည်အသွေးမြှင့်ကာ ပြည်တွင်းဖြစ်ကို အားပေးကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် ဩဂုတ် ၁၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၃၉ ခုမှ Spray Gun ၇၈၅ ခု၊ Flow Meter ၂၄၀၊ Nasal Cannula ၃၀၀၊ Oximeter ၆၆၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၁၁၇ ခု၊ Oxygen Mask ၁၀၃၀၀၊ Oxygen Pipe ၁၃၀၊ Oxygen Tube ၅၀၀၊ Oxygen Concentrator Spare Parts ၁၇၅၀၊ ULTRAMAX Oxygen တစ်ခု၊ Test Kit ၇၈၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ်ကုသရေး ဆေးနှင့်အခြားဆေးမျိုးစုံ ၂၆၄၅၂ ဒသမ ၄၇၀ ကီလိုဂရမ်၊ Oxygen Storage Tank တစ်ခု၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ) တွင် ကုမ္ပဏီ ၃၄ ခု မှ Oxygen Cylinder ၆၇၇၈ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် ၅၉၄ ခု၊ Liquid Oxygen ၁၄၆၂၇ ကုဗမီတာ၊ Flow Meter ၈၂၅၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၈၀၀၀၊ နှာခေါင်းစည်း ၇၅၃၅၀ ကီလိုဂရမ်၊ Oxygen Filling Compressor နှစ်ခု၊ Oxygen Cylinder Trolley ၁၇၀၊ Oxygen Mask ၁၃၀၀၀၊ မျက်နှာအကာ ၅၀၀၊ Incentive Spirometer ၂၉၉၇ ခု၊ Oximeter ၂၈၀၊ Apron ၁၆၈၀၊ Exam Gloves ၁၀၀၀၀ ကီလိုဂရမ်၊ Surgical Gown ၁၈၀၀၀၊ PAI OME III/ PAI VE-400 Capsule ၁၁၀၀၀ ကီလိုဂရမ်၊ Sodium Chloride Injection ၃၂၀၀၀ ကီလိုဂရမ်တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ဘူးသီးတောင်မြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေများ ထုတ်ချေး

**ဘူးသီးတောင် ဩဂုတ် ၁၆**

ကိုဗစ်-၁၉ ရောဂါကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ လုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချသူများ၊ အသေးစား စီးပွားရေးလုပ်ကိုင်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရန် သွင်းအားစုနှင့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်အတွက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာအုပ်စု ဂန္ဓာမာကျေးရွာရှိ အိမ်ထောင်စု ၃၆ စုအား ဒုတိယအကြိမ်အဖြစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းချေးငွေ ငွေကျပ် ၁၉၇ သိန်း ထုတ်ချေးပေးရာ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဦးထွန်းလှိုင်နှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ထုတ်ပေးနိုင်ရေး ကြိုးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

**ကိုထွန်း**

## ကဝမြို့နယ် ခမဲပြင်သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ကဝ ဩဂုတ် ၁၆**

သဘာဝမြစ်ချောင်း၊ အင်းအိုင်၊ ဆည်တမံ၊ ကန်များတွင် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးလာစေရန်နှင့် ငါးရိက္ခာများ ပိုမိုရရှိစေရန်တို့ကို ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ခမဲပြင် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးဌာနမှူး ဦးစိုးမင်း၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မြင့်နိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ဖုန်းနှင့် ဝန်ထမ်းများ၊ ပဲခူးငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးသူရမိုးအောင်၊ မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ပဲခူးငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၃၄၀၀၀၀ ကို ခမဲပြင် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

- ရောဂါကူးစက်ဖြစ်ပွားမှုအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းအထိ ရှိခဲ့ရာမှ ဩဂုတ် ၁၅ ရက်တွင် ကူးစက်ဖြစ်ပွားသူ ၂၆ ဒသမ ၄၆ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရမည်
- အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖြစ်ပွားမှုရာခိုင်နှုန်း၏ ၁၄ ရာခိုင်နှုန်းကျော်အထိ လျှော့ချနိုင်ခဲ့
- ကူးစက်ဖြစ်ပွားမှုနှုန်း ပိုမိုကျဆင်းလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

❒ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**လျှော့ချနိုင်ခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအတွင်း ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်း ကူးစက်ဖြစ်ပွားနေမှုများကို ဩဂုတ်လအတွင်း၌ ကူးစက်ဖြစ်ပွားနေမှုရာခိုင်နှုန်း၏ ထက်ဝက်ခန့်အထိ ကျဆင်းနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကို ယခင်အစည်းအဝေးများတွင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းအထိရှိခဲ့ရာမှ ဩဂုတ် ၁၅ ရက်တွင် ကူးစက်ဖြစ်ပွားသူ ၂၆ ဒသမ ၄၆ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖြစ်ပွားမှုရာခိုင်နှုန်း၏ ၁၄ ရာခိုင်နှုန်းကျော်အထိ လျှော့ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်း ပိုမိုကျဆင်းလာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆေးပစ္စည်းများ၊ အခြေခံအိမ်သုံးဆေးဝါးပစ္စည်းများနှင့် ပတ်သက်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုများကြောင့် ဝယ်ယူသုံးစွဲသူ ပြည်သူလူထုအခက်အခဲမဖြစ်ပေါ်စေရေးကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ပြီးဖြစ်ကြောင်း၊ သဘာဝမဟုတ်သည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ လျှော့ချနိုင်ရေး၊ ပုံမှန်ထက်ပိုမိုသိုလှောင်၍ ဈေးနှုန်းကြီးမြင့်လာအောင် လုပ်ဆောင်နေမှုများအား ကြပ်မတ်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုများအနေဖြင့် အခြေခံအိမ်သုံးဆေးဝါးများကို ပုံမှန်ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် အခြေခံစားသောက်ကုန်များထုတ်လုပ်သည့်နိုင်ငံဖြစ်သဖြင့် အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းကြီးမြင့်နေမှုများကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စိစစ်ကြပ်မတ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှု ကန့်သတ်ချက်များကြောင့် သယ်ယူပို့ဆောင်မှုစရိတ်နှင့် လုပ်အားခကုန်ကျစရိတ်များကြောင့် အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းမြင့်မားမှု၊ သဘာဝကျသည့် ဈေးနှုန်းမြင့်တက်မှုများရှိသည်ကို မပြောလိုသော်လည်း မတန်တဆ ဈေးတင်ရောင်းချမှုများကို မဖြစ်စေလိုကြောင်း၊ စားသောက်ကုန်ပစ္စည်းများအား ပစ္စည်းပြတ်လပ်၍ ဈေးနှုန်းမြင့်မားလာစေရန်အတွက် ရည်ရွယ်ချက်ရှိစွာဖြင့် ပွဲရုံများ၊ ဂိုဒေါင်များတွင် သိုလှောင်ခြင်း၊ ဈေးကစားခြင်းများရှိနိုင်သဖြင့် အခြေခံစားကုန်၊ သုံးကုန်များ ဈေးနှုန်းမြင့်မားမှုမရှိစေရေး တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်လုပ်ဆောင်ပေးကြရန်လိုကြောင်း။

**အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိ**

အစိုးရအနေဖြင့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများကို ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရောက်ရှိလာသည့် ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးသို့ အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆေးများရောက်ရှိလာသည်နှင့် ပျက်စီးမှုမဖြစ်စေရန် စနစ်တကျ ထိန်းသိမ်းထားသိုရန်နှင့် တတ်နိုင်သရွေ့ အမြန်ဆုံးထိုးနှံပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ EAOs အဖွဲ့များအနေဖြင့် ၎င်းတို့နယ်မြေများအတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်လာခြင်းများရှိသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ EAOs နယ်မြေများတွင် ကာကွယ်ဆေးထိုးနှံနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဦးစားပေးအုပ်စုအလိုက် စာရင်းပြုစုဆောင်ရွက်ကြရန်လိုကြောင်း။

လက်ရှိအချိန်တွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် စာသင်ကျောင်းများ ပိတ်ထားရသည်ဖြစ်သော်လည်း ရောဂါကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်နိုင်သည့်အချိန်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ စာသင်ကျောင်းအဆောက်အအုံများ ကြံ့ခိုင်မှုပြည့်ဝနေစေရေးအတွက် လိုအပ်သည့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်များအလိုက် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများအား စာပေသင်ကြားပေးကြရမည်ဖြစ်ပြီး အနီးကပ် ထိတွေ့ရမည့်သူများဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် ဦးစားပေးဖြင့် ထိုးနှံနိုင်ရေး လစ်ဟင်းမှုမရှိအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးနှင့် ပတ်သက်ပါက လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ ကုမ္ပဏီများသော်လည်းကောင်း မည်သည့်ကန့်သတ်ချက်မျှ မထားရှိဘဲ တင်သွင်းခွင့်ပြုပေးထားပြီးဖြစ်သော်လည်း FDA မှ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဆေးဝါးနှင့် ပစ္စည်းများဖြစ်စေရေး တာဝန်ရှိသည့် ဌာနဆိုင်ရာများက ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါ ကာကွယ်ကုသ ထိန်းချုပ်ရေးနှင့်ပတ်သက်၍ လုပ်ဆောင်နိုင်သည်မှန်သမျှကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

**အတိုင်းအတာတစ်ခုအထိ ကျဆင်းလာ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက လက်ရှိအချိန်တွင် ရောဂါပိုးကူးစက်ဖြစ်ပွားမှုနှုန်း အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ပြီး ကုသရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ထမ်းများ၏ ကိုယ်ခံအားပြန်လည်ကောင်းမွန်စေရေး ဆောင်ရွက်ပေးနေမှုအခြေအနေ၊ Quarantine Center များနှင့် Positive Center များတွင် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများဖြန့်ခွဲ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရောဂါပိုးတွေ့ရှိမှုနှုန်းများပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသိပညာပေးခြင်းများ ကြပ်မတ်ဆောင်ရွက်ခြင်းများကို ပိုမိုလုပ်ဆောင်သင့်သည့် အခြေအနေ။

**၃၆ ရာခိုင်နှုန်းအထိ ကျဆင်းလာ**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါပိုးကူးစက်ပြန့်ပွားမှု၊ သေဆုံးမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ကိုဗစ် –၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားဖြစ်ပေါ်ခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်အထိ ဖြစ်ပွားသူ ၂၁၀၉၆၁ ဦး၊ သေဆုံးသူ ၁၀၀၄၈ ဦးရှိခဲ့သည့် အခြေအနေ၊ လက်ရှိအချိန်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်း ကျဆင်းလျက်ရှိပြီး ဇူလိုင်လ ဒုတိယအပတ်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းနှင့် ဩဂုတ်လ ဒုတိယအပတ်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်း နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၃၆ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြည့်မည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၇၄ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၂ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅၃ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၄၀ ရာ ခိုင်နှုန်းကျော်အထိ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရသည့် အခြေအနေ။

ရောဂါဖြစ်ပွားမှုနှုန်းမြင့်မားလျက်ရှိသည့် ဒေသများအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ပေးနေမှုအခြေအနေ၊ သတ်မှတ်စည်းကမ်းချက်များ လိုက်နာရန် အားနည်းသည့်နေရာဒေသများ၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို လူထုနှင့် အနီးကပ်ရှိသည့် နေရာများအထိ လုပ်ဆောင်ပေးရန် လိုအပ်သည့် အခြေအနေ၊ **ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာနိုင်ရေး ဆောင်ရွက်မှုအနေဖြင့် တရုတ်နိုင်ငံမှ**

**စာမျက်နှာ ၄ သို့ »»**



ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း ရှင်းလင်းတင်ပြစဉ်။



ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ရှင်းလင်းတင်ပြစဉ်။



တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှင်းလင်းတင်ပြစဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရှင်းလင်းတင်ပြစဉ်။



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှင်းလင်းတင်ပြစဉ်။



ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။

»»» စာမျက်နှာ ၃ မှ

**ကာကွယ်ဆေး တစ်သန်းကို လာမည့်အပတ်အတွင်း ရရှိနိုင်ရေး ချိတ်ဆက်လုပ်ဆောင်လျက်ရှိပြီး ထပ်မံစာချုပ်ချုပ်ဆိုထားသည့် ၂၄ သန်းကိုလည်း ဝယ်ယူရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲမပြတ် ကြိုးပမ်းချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။**

ကမ္ဘာ့နိုင်ငံများတွင် ဗီဇပြောင်းရောဂါပိုး မျိုးစိတ်အသစ်များ ဆက်လက်တွေ့ရှိနေရမှု၊ ကူးစက်ပြန့်ပွားနိုင်မှုအခြေအနေနှင့် ဗီဇပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည့် အခြေအနေ၊ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည့် အခြေအနေနှင့် IDP Camp များတွင်လည်း ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများထံမှ လှူဒါန်းသည့် ကာကွယ်ဆေးများရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေသည့် အခြေအနေ၊ အာဆီယံနိုင်ငံများ၊ အာဆီယံအပေါင်း နိုင်ငံများနှင့် ပူးပေါင်း၍ ကာကွယ်ဆေးများရရှိနိုင်ရေး ဆွေးနွေးဆောင်ရွက်ခဲ့မှုအခြေအနေ၊ တိုင်းရင်းဆေးများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး သုတေသနဆောင်ရွက်နေမှုအခြေအနေ။

**ရှင်းလင်းတင်ပြ**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် စေတနာရှင်အလှူရှင်များထံမှ အလှူငွေများရရှိမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးရန်ပုံငွေမှ သုံးစွဲထားရှိမှုအခြေအနေ၊ ဆိုင်းဘုတ်များ၊ လေဆိပ်များ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အထောက်အကူပြု ဆေးဝါးများနှင့် အခြားအိမ်သုံးအခြေခံဆေးဝါးများ တင်သွင်းဆောင်ရွက်နေမှုအခြေအနေ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုများ၊ သတင်းစာများနှင့် အခြားမီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပြန်ကြားနေမှုအခြေအနေ၊ တိုင်းရင်းသားဘာသာစကားများ၊ အစီအစဉ်သစ်များဖြင့် ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေ၊ လက်ရှိကာလတွင် အောက်ဆီဂျင်လိုအပ်ချက်များအတွက် တိုးမြှင့်ထုတ်လုပ်ပေးနေမှု အခြေအနေ၊ ဆေးဝါးများကို ဈေးနှုန်းကြီးမြင့်လာစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် သိုလှောင်မှုများ မရှိစေရေး ဆေးဆိုင်များနှင့် ဆေးဝါးသိုလှောင်ထားသည့် ဂိုဒေါင်များအား စစ်ဆေးဆောင်ရွက်ခဲ့မှု၊ တွေ့ရှိမှုနှင့် အရေးယူနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှုနှင့် စနစ်တကျ ဆေးစစ်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးနေမှု အခြေအနေ။

Relief Flight များ ပြေးဆွဲ၍ ခရီးသည်နှင့် ဆေးဝါးများ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည့် အခြေအနေနှင့် ပို့ဆောင်ဆက်သွယ်မှု မပြတ်တောက်စေရေး လေယာဉ်၊ ရေယာဉ်များနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့မှ ခရီးစဉ်များ ပြေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရောဂါပိုး အတည်ပြုလူနာများအား တပ်မတော်စင်တာများတွင် ကုသဆောင်ရွက်ပေးနေမှုနှင့် လူနာများအား ကုသပေးနိုင်ရေး ဆေးတပ်ဖွဲ့ဝင်များကို တာဝန်ပေးအပ်ထားရှိသည့် အခြေအနေ၊ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးမှု လွယ်ကူလျင်မြန်စေရေးအတွက် ဖြေလျှော့၊ ချိတ်ဆက်ဆောင်ရွက်ပေးနေမှုနှင့် ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ ဆေးဝါးများ ထုတ်လုပ်ပေးနေမှု အခြေအနေနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



**အထူးကိစ္စတစ်ရပ်အနေနဲ့ စောင့်ရှောက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှင့်ပတ်သက်၍ **"နောက်တစ်ခုက ကျန်းမာရေးဝန်ထမ်းတွေ၊ တကယ်ကို ကျန်းမာရေးဝန်ထမ်းတွေက ရှေ့တန်းကျကျ လုပ်ရတာ၊ ဆေးရုံတွေမှာ၊ ဖျားနာလာတဲ့သူတွေကို သူတို့ပဲကုရတာ၊ သူတို့ကိုကူးစက်ပြီဆို သူတို့ကို Priority ပေးရလိမ့်မယ်၊ ဦးစားပေးပြီးတော့ သူတို့ကို အထူးကိစ္စတစ်ရပ်အနေနဲ့ စောင့်ရှောက်ပေးဖို့လိုပါတယ်၊ ဖြစ်တဲ့အချိန်မှာ ဖြစ်လို့ပြန်ကုလို့ ပျောက်သွားရုံတင်မဟုတ်ဘူး၊ နောက်ဆက်တွဲပြဿနာတွေပါ ပြန်ကြည့်ဖို့ လိုတာပေါ့။ တောက်လျှောက်ကို မှတ်ထားပြီးတော့ Register လုပ်ထားဖို့ လိုပါတယ်။ ကုသရင်းနဲ့ ကူးစက်ခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေပေါ့။ သူတို့ကိုတော့ အထူးကိစ္စတစ်ရပ်အနေနဲ့ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်များက ပြန်ကြည့်ပေးပါ။ ဝန်ကြီးဌာနအနေနဲ့လည်း ဒါကို မှတ်တမ်းတင်ထားပြီး စောင့်ရှောက်ပေးဖို့ ကျွန်တော် ပြောလိုပါတယ်၊ နောက်တစ်ခါ အရပ်ဘက် ကုသရေးနဲ့ပတ်သက်ပြီး တချို့နေရာတွေမှာ မနိုင်တဲ့အတွက်ကြောင့် တပ်မတော်က ဝင်ကူပေးရတာ ရှိတယ်။ တပ်မတော်က ဝင်ကူပေးရတာရှိသလို တပ်မတော်ဆေးရုံတွေမှာလည်း ကုသပေးနေတာတွေရှိတယ်။ ကိုဗစ်ကိုပဲ အဓိကထားပြီး ဆောင်ရွက်ပေးနေတာတွေ။ ခုနကပြောတဲ့ ဥပမာအားဖြင့် Quarantine Center လိုဟာမျိုးတွေ၊ ကုသရေးစင်တာလိုဟာမျိုးတွေမှာ ကျွန်တော်တို့က သီးခြားထားပြီး စောင့်ရှောက်ပေးထားသလိုပဲ ဆေးရုံတွေမှာလည်း ကျွန်တော်တို့ ကုသပေးနေတာတွေရှိတယ်။ ဒီလို လူတွေအတွက်လည်း သီးခြားချီးမြှင့်ပေးဖို့၊ ဆောင်ရွက်ပေးဖို့ လိုမယ်ဆိုတာကိုလည်း ကျွန်တော် ထည့်ပြီးပြောလိုပါတယ်"**ဟု ပြောကြားသည်။

ထို့နောက် ရောဂါဖြစ်ပွားမှုနှုန်းများ ထက်ဝက်နီးပါးအထိ ကျဆင်းလာသည်ဆိုသော်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တွက်ချက်သည့်နှုန်းအရ အချို့မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ များပြားမှုရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆိုပါရောဂါကူးစက်မှုနှုန်း မြင့်မားနေသေးသည့် မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ လျော့ကျစေရေး ဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ ယခုအခါ အောက်ဆီဂျင်နှင့်ပတ်သက်၍ လက်ရှိအခြေအနေတွင် လုံလောက်မှုရှိနေပြီဖြစ်ကြောင်း၊ သို့သော် ယခုဖြစ်ပွားနေသည့် ရောဂါသည် လက်ရှိအချိန်တွင် လုံးဝကင်းစင်ပျောက်ကင်းသွားမည့် ရောဂါမဟုတ်သေးကြောင်း၊ အောက်ဆီဂျင်သည် ကိုဗစ်-၁၉ ရောဂါကုသရေးတွင်သာမက အခြား ရောဂါကုသရေးများအတွက်လည်း လိုအပ်သည်များရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဆေးရုံများ၊ ခရိုင်နှင့်မြို့နယ် အဆင့်အလိုက် ဆေးရုံများနှင့် ဆေးရုံကြီးများတွင် အောက်ဆီဂျင်များ အမြဲတမ်းရရှိနေအောင် တွက်ချက်ဆောင်ရွက်ပေးရန် လိုကြောင်း၊ လိုအပ်ချက်များ ဖြစ်ပေါ်လာပါကလည်း ဖြည့်ဆည်းပေးနိုင်ရေး တစ်နေရာနှင့်တစ်နေရာ အမြဲချိတ်ဆက်ဆောင်ရွက်ထားရန်လိုကြောင်း၊ အလားတူ နိုင်ငံပိုင် အောက်ဆီဂျင်စက်ရုံများ၊ တပ်မတော်ပိုင် အောက်ဆီဂျင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင် အောက်ဆီဂျင်စက်ရုံများမှ အောက်ဆီဂျင်ထုတ်လုပ်မှုများအား စာရင်းပြုစုထားပြီး ဆေးရုံများ၌ ဆေးရုံသုံးအောက်ဆီဂျင်များ အမြဲမပြတ်ရရှိရေး ဆောင်ရွက်ထားရန်လိုကြောင်း၊ ရေရှည်အတွက်ကြည့်၍ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

**မြေပြင်အခြေအနေမှန် သိရှိနေရန်လို**

ရောဂါစစ်ဆေးမှုနှင့်ပတ်သက်၍ စစ်ဆေးမှုများ ကျဆင်းလာသည့်အတွက် ရောဂါကူးစက်မှုနှုန်း လျော့ကျလာသကဲ့သို့ ရာခိုင်နှုန်းအရလည်း ကျဆင်းလာမှုများရှိကြောင်း၊ အဓိကအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မြေပြင်အခြေအနေမှန်များအား သိရှိနေရန်လိုကြောင်း၊ ရောဂါကူးစက်ခံရသော်လည်း မိမိတို့အစီအစဉ်ဖြင့် ကျန်းမာရေးဌာနများသို့ လာရောက်ကုသမှုခံယူခြင်းမပြုသူများ မရှိရန်လိုကြောင်း၊ အဆိုပါ ရောဂါကူးစက်ခံရသူများမှတစ်ဆင့် အခြားသူများသို့ ကူးစက်ရန်အတွက် အန္တရာယ်များစွာရှိကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် သတင်းဖော်ထုတ်ကြပ်မတ်ဆောင်ရွက်ပြီး ရောဂါစစ်ဆေးမှုနှင့်ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဆေးရုံတိုင်းတွင် ဆရာဝန်များရှိစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖြန့်ခွဲတာဝန်ပေးထားကြောင်း၊ လိုအပ်ချက်များရှိပါက တပ်မတော်မှ ဝင်ရောက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံတိုင်းတွင် ဆရာဝန်များရှိရေးသည် အရေးအကြီးဆုံးအချက်ပင်ဖြစ်ကြောင်း၊ ဆရာဝန်များ တာဝန်ထမ်းဆောင်မှုနှင့် နေထိုင်မှုများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊

စာမျက်နှာ ၅ သို့ »»»

# အမြဲမပြတ် သတိထားဆောင်ရွက်နေရန်လို

ကိုဗစ်-၁၉ ရောဂါသည် ကာလတစ်ခုအထိ ဆက်လက်ဖြစ်ပွားနေနိုင်သဖြင့် အမြဲမပြတ် သတိထားဆောင်ရွက်နေရန်လိုကြောင်း၊ လူတစ်ဦးချင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည့် လှုပ်ရှားသွားလာမှုများရှိရန် လိုအပ်သည်ဟု ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက အသိပေးထုတ်ပြန်ထားကြောင်း၊ အောက်ဆီဂျင်ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ အောက်ဆီဂျင်ထုတ်လုပ်၍ ရနိုင်သည့် စက်ရုံများအားလုံးမှ အမြဲမပြတ်ထုတ်လုပ်၍ ပြည်သူများ လိုအပ်သည့်အချိန်တွင် အချိန်မီရရှိရေး ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ ကာကွယ်ဆေးနှင့်ပတ်သက်၍ ပြည်သူများ စဉ်ဆက်မပြတ် ထိုးနှံနိုင်ရေး ဆောင်ရွက်နေရန်လိုပြီး ကုသဆေးများလည်း အမြဲမပြတ်ရရှိရေး ပြည်ပမှတင်သွင်းနေရန် လိုအပ်သကဲ့သို့ ပြည်တွင်း၌လည်း လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် တွေ့ဆုံ၊ ဆွေးနွေးမှုများ အမြဲမပြတ်ပြုလုပ်၍ စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိပြီး အဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ Quarantine Center များကိုလည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံများတွင်လည်း ပြင်ဆင်မှုများ အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

»»» စာမျက်နှာ ၄ မှ

ယခင်ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ဆေးရုံများ၌ ပြင်ဆင်မှုများ အားနည်းခဲ့ခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သကဲ့သို့ ယခုတတိယလှိုင်းတွင်လည်း ရောဂါကူးစက်မှုမြန်ဆန်ပြင်းထန်မှုကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ ဆေးရုံများအားလုံး၌ ကုသရေးအတွက် အမြဲကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ မိမိတို့ဒေသအလိုက် လူဦးရေကို တွက်ချက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း။

## သဘာဝဘေးအန္တရာယ်များ

ထို့နောက် လက်ရှိကာလအတွင်း ကြုံတွေ့လာရနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လိုအပ်သည်များ ကြိုတင်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် **"နောက်တစ်ခုကတော့ ဆေးရုံများနဲ့ပတ်သက်ပြီး တစ်ချက်ကျွန်တော်မှာချင်ပါတယ်။ အဲဒါကတော့ ရာသီဥတုကလည်း အခု မိုးတွေများပါတယ်။ ခုနကလည်း ဒုတိယဥက္ကဋ္ဌ ပြောပါတယ်။ Weather forecast အရ လာမယ့်နောက်ဆုံးအပတ်လောက်ကနေစပြီးတော့ မိုးတွေပိုများလာဦးမယ့် သဘောတွေရှိတယ်။ အဲဒီတော့ ဆေးရုံထဲမှာလည်း ရေတွေမလျှံအောင်။ ဆေးရုံတွေ ရေမလျှံအောင်၊ ရေမဝင်အောင်၊ ရေစီးရေလာကောင်းအောင် အဲဒါတွေလည်း လုပ်ပေးထားပေါ့။ ဖြစ်လာရင် လူနာတွေ ရွှေ့ထုတ်ရတာ တော်တော်ခက်ပါတယ်။ တော်တော်အန္တရာယ်များပါတယ်။ လုပ်ရကိုင်ရတာ တော်တော်လေး လက်ဝင်ပါတယ်။ လူကောင်းတွေ ရွှေ့ရတာ ကိစ္စမရှိဘူး။ လူမမာတွေ ရွှေ့ရတာကျတော့ တော်တော်ကို ဒုက္ခ၊ သုက္ခ ရောက်နိုင်တယ်။ ဒါကြောင့် ဆေးရုံနဲ့ပတ်သက်ရင် ရေပိတ်နိုင်တဲ့ ကိစ္စတွေ၊ မြောင်းတွေ ပိတ်နေတာတွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ ရှိနေတာတွေ၊ အမှိုက်သရိုက်တွေ မရှိအောင် ဒါလေးတွေ အကုန်လုံးရှင်းပေးထားပါ။ နောက်တစ်ခါသွားဖို့လာဖို့အတွက် လမ်းတွေကိုလည်း ဂရုတစိုက်ကြည့်ပေးထားဖို့ ပြောလိုပါတယ်။ အရေးပေါ် ကယ်ဆယ်ရေးနဲ့ပတ်သက်ရင်လည်း အမြဲတမ်း ပြင်ထားပါ။ မိုးမကုန်မချင်းကတော့ တန်းမဖြုတ်ဖို့ ကျွန်တော်ပြောလိုပါတယ်။ တန်းမဖြုတ်ပါနဲ့ အားလုံးအဆင်သင့်ပြင်ထား။ ထမင်းကျွေးသင့်ရင်လည်း ကျွေးထား။ အဲဒီအတွက် ပိုက်ဆံအကုန်အကျခံရမယ်ဆိုလည်း အကုန်အကျခံမယ်။ သဘာဝဘေးအန္တရာယ်အတွက် ကျွန်တော်တို့ အကုန်အကျ ခံပေးမယ်။ အရေးကြီးတာတော့ ဖြစ်ကာမှ အကုန်လုံး မနိုင်မနင်းနဲ့ဖြစ်မှာ ကြောက်ရတာ။ အရေးကြီးတာတော့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တာကတော့ လက်ရှိအခြေအနေမှာ ရေကြီးရေလျှံနဲ့ပတ်သက်တာ အခက်အခဲတွေ ဖြစ်လာနိုင်တယ်။ ဒါကို တွက်ချက်ပြီးတော့မှ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက ပြင်ထားပေးဖို့ရယ်။ အဓိက ကတော့ ဆေးရုံတွေမှာ ရေလျှံတာတို့၊ ဘာတို့ မဖြစ်အောင်၊ လူနာတွေ ရွှေ့ထုတ်ရတဲ့ အဆင့်မျိုး၊ ဒုက္ခ၊ သုက္ခ မရောက်အောင် ဒါလေးလည်း ပြင်ထားဖို့ လိုမယ်ဆိုတာလေးလည်း ကျွန်တော် မှာလိုပါတယ်"**ဟု ပြောကြားသည်။

> **○ သဘာဝဘေးအန္တရာယ်အတွက် ကျွန်တော်တို့ အကုန်အကျခံပေးမယ်။ အရေးကြီးတာတော့ ဖြစ်ကာမှ အကုန်လုံးမနိုင်မနင်းနဲ့ဖြစ်မှာ ကြောက်ရတာ။ အရေးကြီးတာတော့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တာကတော့ လက်ရှိအခြေအနေမှာ ရေကြီးရေလျှံနဲ့ပတ်သက်တာ အခက်အခဲတွေ ဖြစ်လာနိုင်တယ်။ ဒါကို တွက်ချက်ပြီးတော့မှ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက ပြင်ထားပေးဖို့ရယ်။ အဓိက ကတော့ ဆေးရုံတွေမှာ ရေလျှံတာတို့၊ ဘာတို့ မဖြစ်အောင်၊ လူနာတွေ ရွှေ့ထုတ်ရတဲ့ အဆင့်မျိုး၊ ဒုက္ခ၊ သုက္ခ မရောက်အောင် ဒါလေးလည်း ပြင်ထားဖို့ လိုမယ်ဆိုတာလေးလည်း ကျွန်တော် မှာလိုပါတယ်။**

## အဓိကလိုအပ်သည့်ပစ္စည်းများဖြစ်

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးနှင့်ပတ်သက်သည့် Mask များ၊ Face Shield များ၊ PPE ဝတ်စုံများ၊ လက်အိတ်များနှင့် အခြားလိုအပ်သည့် ပစ္စည်းများအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း၌ ထုတ်လုပ်လျက်ရှိသော်လည်း လိုအပ်ချက်များ များစွာရှိနေသေးကြောင်း၊ အဆိုပါပစ္စည်းများသည် လူထုအတွက် အဓိကလိုအပ်သည့်ပစ္စည်းများဖြစ်ကြောင်း၊ လိုအပ်ပါက ထုတ်လုပ်နိုင်ရေး ကြိုတင်တွက်ချက်ပြင်ဆင် ဆောင်ရွက်ထားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် နိုင်ငံသားများကိုလည်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေး စနစ်တကျ မျက်ခြည်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဆိုပါပြန်လည်ဝင်ရောက်လာသူများ၏ ကုသရေးလုပ်ငန်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ပျဉ်းမနားမြို့နယ်ရှိ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်လည်ပတ်မှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ ဈေးကုန်းဘုန်းတော်ကြီး ကျောင်းတိုက်အတွင်းရှိ ပျဉ်းမနားမြို့ ပရဟိတအသင်းပိုင် အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ကြည့်ရှုစစ်ဆေးစဉ် ပျဉ်းမနားမြို့ ပရဟိတအသင်းပိုင် အောက်ဆီဂျင်စက်ရုံဥက္ကဋ္ဌ ဦးတေဇာအောင်က စက်ရုံလည်ပတ်နေမှု၊ အောက်ဆီဂျင်ထုတ်လုပ်ပုံ ထုတ်လုပ်နည်းအဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချနေမှုကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့က လိုအပ်သည်များကို မှာကြားသည်။

## အခမဲ့လှူဒါန်း

အဆိုပါ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်မှာ တရုတ်နိုင်ငံထုတ် PSA အမျိုးအစားဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး ၁၀၀ ခန့် ထုတ်လုပ်နိုင်ရာ ထွက်ရှိသည့် အောက်ဆီဂျင်အိုးများထဲမှ ၂၅ လုံးကို လိုအပ်လျက်ရှိသည့် ဘုန်းတော်ကြီးကျောင်းများနှင့် သံဃာ့ဆေးရုံများအား အခမဲ့လှူဒါန်းပေးပြီး ကျန်အောက်ဆီဂျင်အိုးများအား တစ်လုံးလျှင် ငွေကျပ် ၇၀၀၀ ဖြင့် ပရဟိတအဖွဲ့များနှင့် အောက်ဆီဂျင်လိုအပ်သည့် ပြည်သူများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပညာရေးတိုးတက်မှုမှ တိုင်းပြည်ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးသို့ ......

ကျော်ကျော်လှိုင်(SMART)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် တိုင်းပြည်ကို တိုက်ရိုက်မိန့်ခွန်း ပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် ပညာရေးနှင့် ပတ်သက်ပြီး

"၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနဲ့ ၂၀၁၉ ခုနှစ်ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ငါးနှစ်နဲ့အထက် ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ဟာ ကျောင်းမနေဖူးတာကို တွေ့ရပါတယ်။ ဒါ့အပြင် အသက် ၂၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူများထဲမှ အလယ်တန်းအဆင့်နဲ့ အလယ်တန်းအဆင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်း ရှိပါတယ်။ နိုင်ငံ့လူဦးရေရဲ့ သုံးပုံတစ်ပုံလောက်ဖြစ်ပါတယ် " ဟု ပြောကြားခဲ့သည်။

### အသက် ငါးနှစ်နဲ့အထက် ကျောင်းမနေဖူးသူ သုံးသိန်းခြောက်သောင်းကျော်

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အသက် ငါးနှစ်မှ ကိုးနှစ်အတွင်းရှိ ကလေးဦးရေမှာ ၄ ဒသမ ၄ သန်းကျော်ရှိပြီး မြို့ပြတွင် ကလေးတစ်သန်းကျော်နေထိုင်၍ ကျေးလက်ဒေသများတွင် ၃ ဒသမ ၄ သန်းကျော် နေထိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မိန့်ခွန်းတွင် အသက် ငါးနှစ်အထက် ကျောင်းမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ဆိုရာ ကျောင်းမနေဖူးသူ သုံးသိန်းခြောက်သောင်းကျော်ရှိသည်။ ကျောင်းမနေဖူးသူများသည် စာဖတ်နိုင်စွမ်း အားနည်းမည်ဖြစ်သဖြင့် ဘဝတွင် အခက်အခဲများနှင့် ရင်ဆိုင်ရမည့်အပြင် လူ့အဖွဲ့အစည်းကို အကျိုးပြုဖို့ထက် ဆိုးကျိုးပေးဖို့ကများသည်။

ကျွန်တော်တို့နိုင်ငံတွင် ကျောင်းမနေဖူးသူ ပပျောက်အောင် ဆောင်ရွက်ရမည်။ မူလတန်းကို မသင်မနေရလည်း ပြဋ္ဌာန်းပြီးဖြစ်သည့်အပြင် အစိုးရမူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများလည်း ရွာတိုင်းလိုလိုရှိနေပြီဖြစ်သည့်အတွက် ကျောင်းမနေဖူးသူမရှိအောင် ဆောင်ရွက်ရန်ခက်ခဲမည်မဟုတ်ပါ။ ကလေးကို မူလတန်းကျောင်းပို့ရန် ခက်ခဲနေသည့် အိမ်ထောင်စုများကိုစိစစ်ပြီး လိုအပ်သည့် အကူအညီများ ပေးရမည်။ ဥပမာ ကျောင်းသို့ ကလေးကိုလွှတ်ရန် မုဆိုးမမိသားစုများ၊ အလွန်ဆင်းရဲနွမ်းပါးသည့် မိသားစုများကို ထောက်ပံ့ကြေးများ ပေးသင့်သည်။ သေသေချာချာ စိစစ်ရန်တော့လိုမည်။ မိဘ၊ ဆရာများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းဆောင်ရွက်လျှင် ကလေးသူငယ်တိုင်းကို အရွယ်ရောက်လျှင် ကျောင်းသို့ပို့နိုင်ပါမည်။ သို့မှသာ ကျောင်းမနေဖူးသည့် ကလေးဦးရေ သုံးသိန်းကျော်မှ အနည်းဆုံးသို့ လျှော့ချနိုင်ပါမည်။

### အလယ်တန်းအဆင့်သာရှိသည့် လူဦးရေ ၁၈ ဒသမ ၂ သန်း

"အသက် ၂၅ နှစ် နဲ့အထက် အရွယ်ရောက်ပြီးသူများထဲမှ အလယ်တန်းအဆင့်နဲ့ အလယ်တန်းအဆင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်းရှိပါတယ်။ နိုင်ငံ့လူဦးရေရဲ့ သုံးပုံတစ်ပုံလောက်ဖြစ်ပါတယ် " ဟု မိန့်ခွန်းတွင် ပြောကြားခဲ့ရာ ဤအချက်သည် စိုးရိမ်ဖွယ်ရာဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် အလယ်တန်းအဆင့်ဟု ဆိုလိုက်လျှင် လေးတန်းမှ ရှစ်တန်းအထိဖြစ်သည်။ လေးတန်းသာ ပညာသင်ကြားခဲ့သူ၏ ဆင်ခြင်တုံတရား၊ စဉ်းစားတွေးခေါ်နိုင်စွမ်းအား၊ အခြေခံပညာတို့သည် အားနည်းမည်ဖြစ်သဖြင့် လူ့အဖွဲ့အစည်းကို အကျိုးပြုနိုင်စွမ်းအားနည်းမည်။ လေးတန်းအောင်သူကလည်း ပညာအရည်အချင်းကို အလယ်တန်းဟုရေးမည်ဖြစ်ပြီး ငါးတန်းအောင်သူကလည်း ပညာအရည်အချင်းကို အလယ်တန်းဟု ရေးပါမည်။ အလယ်တန်းပညာအဆင့်သာရှိသူသည် ၁၈ ဒသမ ၂ သန်းကျော်ရှိပြီး မြန်မာနိုင်ငံလူဦးရေ၏ ၃၃ ရာခိုင်နှုန်းရှိနေသည်။ စိုးရိမ်စရာကောင်းသောအချက်ဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မိန့်ခွန်းတွင် အမြော်အမြင်ရှိစွာ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ မည်သည့်အတွက်ကြောင့် အလယ်တန်းအဆင့်နှင့် ကျောင်းထွက်ရသည်ကို ဆန်းစစ်ပြီး အဖြေရှာရမည်ဖြစ်သည်။

**ဆန်းစစ်ချက်**

၁။ ကလေးတစ်ဦးသည် ပုံမှန်အားဖြင့် အသက် ၁၀ နှစ်တွင် ငါးတန်း ရောက်ပါသည်။ အသက် ၁၂ နှစ်တွင် ခြောက်တန်း၊ အသက် ၁၃ နှစ်တွင် ခုနစ်တန်း၊ အသက် ၁၄ နှစ်တွင် ရှစ်တန်းရောက်မည်။ စစ်တမ်းများအရ မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားအများစုသည် အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား ၁ ဒသမ ၁ သန်းခန့်ရှိသည်ဟု အစီရင်ခံစာတစ်ခုတွင် ဖတ်ရသည်။ မြန်မာနိုင်ငံရှိ အသက် ၁၀ နှစ်မှ ၁၄ နှစ် ကလေးဦးရေသည် ၃ ဒသမ ၇ သန်းကျော်ရှိသည်။ မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားသည် မြန်မာနိုင်ငံ လူဦးရေ၏ ၂၉ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်သည်။ အလယ်တန်းအဆင့်သာ ပညာတတ်သူသည် မြန်မာနိုင်ငံတွင် ၁၈ ဒသမ ၂ သန်းရှိနေခြင်း၏ အဓိကအချက်သည် အလယ်တန်း ကျောင်းတက်ရမည့် အချိန်တွင် ကျောင်းသား ကျောင်းသူများ အလုပ်ခွင်ထဲရောက်နေခြင်းကြောင့်ဖြစ်သည်။ ကလေးသူငယ်များကို အလုပ်ခွင်များမှ ခြွင်းချက်မရှိ ဖယ်ထုတ်ပြီး ကျောင်းသို့ ပြန်ပို့ရမည်။

၂။ မူလတန်းကျောင်းများသည် ရွာအနီးအနားတွင်ရှိသော်လည်း အလယ်တန်းသို့ရောက်သောအခါ တချို့ကျောင်းသားကျောင်းသူများသည် ရွာမှ အလယ်တန်းကျောင်းရှိရာမြို့များသို့ သွားရောက်ကျောင်းတက်ရသည်။ နေ့စဉ် ခရီးဝေးစွာသွားလာရခြင်း၊ လမ်းပန်းအဆက်အသွယ်ခက်ခဲခြင်းတို့ကြောင့် အလယ်တန်းကို ကျောင်းဆက်မတက်ဘဲ ကျောင်းထွက်ကြသည်။ အလယ်တန်းကျောင်းများတွင် ကျောင်းအိပ်ကျောင်းစား ဘော်ဒါဆောင်များ ထားပေးခြင်းဖြင့် ဤကဲ့သို့ အခက်အခဲကို ဖြေရှင်းနိုင်သည်။ ဘော်ဒါနေခွင့်ကိုတော့ စိစစ်၍ လက်ခံရမည်ဖြစ်သည်။

၃။ ရှစ်တန်းအောင်မြင်သည့် ကျောင်းသားကို အတုလုပ်ရန် ခက်ခဲသော အောင်လက်မှတ်ထုတ်ပေးသင့်သည်။ လုပ်ငန်းခွင်များက အလယ်တန်း အောင်လက်မှတ်ကို အနိမ့်ဆုံး ပညာအရည်အချင်းဖြင့် သတ်မှတ်ပြီး အလုပ်ခေါ်ယူခြင်း၊ တပ်မတော်ကလည်း စစ်သည်များ စုဆောင်းရာတွင် ပညာအရည်အချင်း သတ်မှတ်ချက်ကို အနည်းဆုံး ရှစ်တန်းအောင်ဟု သတ်မှတ်ခြင်း၊ ယာဉ်မောင်းလိုင်စင် ထုတ်ပေးရာတွင် ပညာအရည်အချင်းကို ရှစ်တန်းအောင်ရမည်ဟု သတ်မှတ်ခြင်း စသည်တို့ကို လုပ်ဆောင်လျှင် ရှစ်တန်းမအောင်လျှင် ဘာမှလုပ်မရသည့်အခြေအနေ၊ ရှစ်တန်းမအောင်လျှင် ဘာမှလုပ်မရဆိုသည့် အသိဝင်လာပြီး ရှစ်တန်းအောင်သည်အထိ ကျောင်းတက်မည့်သူ များလာမည်။ အနာဂတ်တွင် စစ်သည်တစ်ဦးသည် ဒစ်ဂျစ်တယ်နည်းပညာများကို ကျွမ်းကျင်ရန် လိုအပ်လာမည်။ ယခုကစပြီး စစ်သည်တစ်ဦး၏ အနိမ့်ဆုံးအရည်အချင်းကို ရှစ်တန်းအောင် သတ်မှတ်ခြင်းဖြင့် ၂၀ ရာစုခေတ်မီတပ်မတော်ကို တည်ဆောက်ရာတွင် များစွာအထောက်အကူပြုပါမည်။ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ ယာဉ်တိုက်မှုများကို လေ့လာရာ ယာဉ်တိုက်မှုဖြစ်သည့် ယာဉ်မောင်းများ၏ ၃၈ ရာခိုင်နှုန်းသည် အလယ်တန်းပညာအဆင့်သာရှိသည်။ အလယ်တန်းပညာအဆင့်သာရှိသည့် ယာဉ်မောင်း၏ ဆင်ခြင်တုံတရား၊ အရေးကြုံလာသည့်အခါ ဆုံးဖြတ်နိုင်စွမ်းတို့ အားနည်းခြင်းကြောင့် ယာဉ်တိုက်မှုများဖြစ်ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပညာရေးနှင့်ပတ်သက်ပြီး "နိုင်ငံရဲ့ပညာရေးမြှင့်တင်ရေး၊ ပြည်သူလူထုရဲ့ ပညာရေးမြှင့်တင်ရေးကို ကျွန်တော်တို့ ကြိုးကြိုးစားစား လုပ်ကိုင်ရမှာဖြစ်ကြောင်းပြနေပါတယ်။ ဒါကြောင့် ပညာရေးနှင့် ပတ်သက်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီမိုကရေစီကို ခိုင်မာစေဖို့ တိုင်းပြည်တိုးတက်ဖို့ဆိုရင် ပညာတတ်များစွာရှိဖို့လိုပါတယ်။ သိပ္ပံပညာရှင်၊ နည်းပညာပညာရှင်၊ ဥပဒေပညာရှင်၊ စီးပွားရေးပညာရှင်များ၊ ဆေးပညာရှင်များ မွေးထုတ်ပေးရပါမယ်။ ဒါကြောင့် အဆင့်မြင့်ပညာရေးကို လက်တွေ့ကျကျ အားပေးကြဖို့ တိုက်တွန်းလိုပါတယ်" ဟု ဆက်လက်ပြောကြားခဲ့သည်။ အထက်ပါအချက်များကို ကြည့်လျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးကို မည်မျှအလေးထားကြောင်း သိနိုင်သည်။

အမေရိကန်နိုင်ငံ၏ ၃၂ ယောက်မြောက် သမ္မတကြီး ဖရင်ကလင် ဒီ ရူစဗက် (Franklin D. Roosevelt ) က "ဒီမိုကရေစီကို အမှန်တကယ်ကာကွယ်စောင့်ရှောက်နိုင်တာ ပညာရေးပဲ ရှိတယ်" ဟု ဆိုခဲ့သည်။ တောင်အာဖရိကနိုင်ငံ၏ သမ္မတဖြစ်ခဲ့သူ၊ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် နယ်ဆင်မင်ဒဲလား ( Nelson Mandela ) ကလည်း "ကမ္ဘာကြီးကို ပြောင်းလဲပစ်နိုင်တဲ့ ခွန်အားအကြီးဆုံးလက်နက်က ပညာရေးပါ" ဟု ဆိုသည်။ ကျွန်တော်တို့နိုင်ငံ၏ နိုင်ငံသူ၊ နိုင်ငံသားများ ပညာတတ်များဖြစ်လာအောင် ကြိုးစားကြရမည်။

ပညာတတ်သည့် လူ့အဖွဲ့အစည်းကသာလျှင် တိုင်းပြည်ကို စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မည်။ ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်။ ကျောင်းမနေဖူးသူမရှိအောင် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းလုပ်ဆောင်ရမည်။ ကျောင်းသား ကျောင်းသူအားလုံး ရှစ်တန်းအထိ ပညာသင်ကြားနိုင်အောင် သက်ဆိုင်သူများက ဘက်ပေါင်းစုံမှ အားထုတ်ရမည်။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံလျှင် နိုင်ငံအတွက် အကျိုးအမြတ် အများဆုံးဖြစ်သည်ကို ပညာရှင်များက ကိန်းဂဏန်းများဖြင့် သက်သေပြပြီးဖြစ်သည်။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံခြင်း၊ ပညာရေးတိုးတက်အောင် လက်တွေ့ကျကျ အားပေးဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်ရေရှည် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။ ။

**ပညာတတ်သည့် လူ့အဖွဲ့အစည်းကသာလျှင် တိုင်းပြည်ကို စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မည်။ ဒီမိုကရေစီကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်။ ကျောင်းမနေဖူးသူမရှိအောင် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းလုပ်ဆောင်ရမည်။ ကျောင်းသား ကျောင်းသူအားလုံး ရှစ်တန်းအထိ ပညာသင်ကြားနိုင်အောင် သက်ဆိုင်သူများက ဘက်ပေါင်းစုံမှ အားထုတ်ရမည်။ ပညာရေးမှာ ရင်းနှီးမြှုပ်နှံလျှင် နိုင်ငံအတွက် အကျိုးအမြတ် အများဆုံး ဖြစ်သည်ကို ပညာရှင်များက ကိန်းဂဏန်းများဖြင့် သက်သေပြပြီးဖြစ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၆**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

**သွားရောက်လှူဒါန်း**

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင်နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်အိုး ၂၀ ကိုလည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ တက္ကသိုလ်(၁၀)မြို့နယ် ကိုဗစ်စင်တာသို့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်း ၁၀ ဖာ၊ Surgical Gloves ၅၀၊ အောက်ဆီဂျင်အိုး ငါးလုံးနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ ကံပေါက် တပ်မတော်ဆေးရုံများသို့ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ သံမဏိစက်ရုံရှိအောက်ဆီဂျင်စက်ရုံမှ ထွက်ရှိသော အောက်ဆီဂျင်အိုးများအနက် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ အိုး ၈၀၊ ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံသို့ အိုး ၆၀၊ ပြင်ဦးလွင် အခမဲ့နာရေးကူညီမှုအသင်းသို့ ၁၀ လုံး၊ ပုလဲပရဟိတအသင်းသို့ ၁၀ လုံး၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့သို့ အိုး ၅၀၊ ဖြဟ္မစိုလူမှုကူညီရေးအသင်းသို့ ငါးလုံး၊ ရေဦးပြည်သူ့ဆေးရုံသို့ ၁၀ လုံး၊ ဝမ်းတွင်း ပြည်သူ့ဆေးရုံသို့ ၁၅ လုံး၊ နောင်ချိုပြည်သူ့ဆေးရုံသို့ ၁၀ လုံးနှင့် ကျောက်ပန်းတောင်းမြို့ သုဂတိရှင် နာရေးကူညီမှုအသင်း အောက်ဆီဂျင်စက်ရုံမှ ထွက်ရှိသော အောက်ဆီဂျင်အိုး ၂၀ ကို ကျောက်ပန်းတောင်းမြို့ ပြည်သူ့ဆေးရုံသို့ လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အောက်ဆီဂျင်စက်ရုံများကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် အောက်ဆီဂျင်စက်ရုံများကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဈေးကုန်းဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ပျဉ်းမနားမြို့ပိုင် အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုများကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ တက္ကသိုလ်(၁၀)မြို့နယ် ကိုဗစ်ကုသရေးစင်တာရှိ ဘားအံဆောင်၌ ကိုဗစ်-၁၉ လူနာများကို လွယ်ကူလျင်မြန်စွာ ကျန်းမာရေးစစ်ဆေးနိုင်ရန်အတွက် ရွေ့လျားကွန်ပျူတာသုံး ဓာတ်မှန်ရိုက်စက် တပ်ဆင်အသုံးပြုမှုကို လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံ၌ တပ်မတော်က လှူဒါန်းသည့် အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူးနေမှုနှင့် ချင်းပြည်နယ် အရေးပေါ်ရန်ပုံငွေမှ ဝယ်ယူသည့် အောက်ဆီဂျင်စက်ရုံထားရှိမည့်နေရာ အဆောက်အအုံ ဆောက်လုပ်မှုကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်စပ်ပစ္စည်းများ စတင်တပ်ဆင်မှုကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ တပ်မတော်ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံမှ အောက်ဆီဂျင် ထုတ်လုပ်နေမှုများနှင့် ထပ်မံတည်ဆောက်မည့်နေရာ၌ စက်ပစ္စည်းများ သယ်ဆောင်နေမှုများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများနှင့် တိုင်းမှူးများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ မော်လမြိုင်မြို့ တက္ကသိုလ်(၁၀)မြို့နယ် ဘားအံဆောင်၌ ရွေ့လျားကွန်ပျူတာသုံး ဓာတ်မှန်ရိုက်စက် တပ်ဆင်အသုံးပြုမှုအား ကြည့်ရှုစစ်ဆေးစဉ်။



မုံရွာမြို့ ပြည်သူ့ဆေးရုံသို့ လှူဒါန်းမည့် မုံရွာမြို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ အောင်ဆီဂျင်အိုးများကို သယ်ဆောင် ဆောင်ရွက်ပေးနေစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၆**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်း စိုက်ပျိုး၊ မွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း သောက်သုံးရေနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကရေပေးဝေလျက်ရှိသည့် ရွှေနတ်တောင်ဆည်ရှိ ဆည်အတွင်း ရေဝင်ရောက်မှု၊ ထိန်းသိမ်းနိုင်သည့် ကန်ရေပြည့်ရေလှောင်ပမာဏနှင့် နေ့စဉ်ရေပေးဝေမှု အခြေအနေကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံ ကာ ဆည်ရေသတ်မှတ် ပမာဏအတိုင်း ထိန်းသိမ်းရေး၊ သန့်ရှင်းသော သောက်သုံးရေပေးဝေနိုင်ရေးနှင့် ဆည်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့အတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများ မော်လမြိုင်မြို့ ရွှေနတ်တောင်ဆည်အား ကြည့်ရှုစစ်ဆေးစဉ်။

## အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သော ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက် မဟာလယ်တီစံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် နေပြည်တော်တိုင်းသံဃနာယက အဖွဲ့အကျိုးတော်ဆောင်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဘဒ္ဒန္တကုလာဒေဝ၊ သက်တော် ၇၃ နှစ်၊ သိက္ခာတော် ၅၃ ဝါ၏ အန္တိမစျာပနပွဲကို ကိုဗစ်-၁၉ ရောဂါ ကင်းစင်သည့်အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ဒါယကာ ဒါယိကာမများ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကောင်းကင်ဘုံ တောင်ဘက်တံခါးပေါက်မှ ဖွံ့ဖြိုးရေးပန်းခင်းများ

ဝ ထ က လ သ (နတလ)



ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့ ညနေခင်းအလှ

(၁)

လောက်ကိုင်ကား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်ဖြစ်ချေ၏။

ချင်းရွှေဟော်မှ ၂၂ မိုင်ခန့်သွားလျှင် လောက်ကိုင်သို့ရောက်၏။ ချင်းရွှေဟော်မှ လောက်ကိုင်သို့ လမ်းတစ်လျှောက်သည် တောင်ကြားသွားကားလမ်းဖြစ်ပါသည်။ လောက်ကိုင်နှင့် တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်းအထိ မြေပြန့်ကွင်းဟု ဆိုရပေမည်။ ကိုးကန့်ဒေသ၏တစ်ခုတည်းသောမြေပြန့်ဒေသ ဖြစ်ပေသည်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့နယ်တို့ ပါဝင်ပါသည်။

**စတုရန်းကီလိုမိုင် ၁၀၀၀၀**

သံလွင်မြစ်နှင့် တရုတ်နယ်စပ်ကြား စတုရန်းကီလိုမိုင် ၁၀၀၀၀ ခန့် ကျယ်ဝန်းသောဒေသဖြစ်ပါသည်။ ကိုးကန့်တိုင်းရင်းသားအများစု နေထိုင်ပြီး ဒုတိယအများစုမှာ ပလောင်တိုင်းရင်းသားများဖြစ်ကြ၏။ ရှမ်း၊ မြောင်ဇီး တိုင်းရင်းသားတို့ကိုလည်း အနည်းငယ်တွေ့ရပြန်သေးသည်။

ကိုးကန့်ဒေသ အများစုမှာ တောင်တန်းဒေသများ ဖြစ်ကြသည်။ တစ်ကျော့ပြန်ကိုးကန့်တိုက်ပွဲကာလက နာမည်ကြီးခဲ့သော လုံထန်တောင်ကြောပွိုင့် ၂၀၂၀ (ခေါ်) နန်ထင်းမင်စမ်း(ခေါ်) ကောင်းကင်ဘုံတောင်ဘက်တံခါးပေါက်ဟု ကျော်ကြားသော တောင်တန်းများ၊ တောက်ရွှေတောင်တန်းများ၊ လုံထန်တောင်တန်းများသည် မိုင်နှင့်ချီ၍ တလိမ့်လိမ့် တစ်ဆက်တစ်စပ်တည်းတည်ရှိနေကြပါသည်။

ရှမ်းမြောက်ဒေသ လားရှိုး- မူဆယ်ကားလမ်းပေါ်ရှိ လားရှိုးမှ သိန္နီအထိ မိုင် ၄၀ ကျော် ကွာဝေးပါသည်။ သိန္နီမှ အရှေ့မြောက်ဘက်သို့ ဆက်သွားလျှင် မူဆယ်သို့ရောက်ပြီး သိန္နီမှအရှေ့ဘက်သို့ မိုင် ၈၀ ကျော်ခန့်သွားလျှင် ကွမ်းလုံမြို့လေးသို့ ရောက်ပါသည်။ ကွမ်းလုံနှင့် ချင်းရွှေဟော် ၁၄ မိုင်ခန့် ကွာဝေးပါသည်။

(၂)

ကွမ်းလုံကား မြန်မာ့သမိုင်းတွင် ကွမ်းလုံရက် ၄၀ တိုက်ပွဲ၊ ဟိုက်ကမ်းပါး တိုက်ပွဲတို့ဖြင့် နာမည်ကြီးလှသော မြို့လေးဖြစ်ပေသည်။

ကွမ်းလုံသည် သံလွင်မြစ်ပေါ်တွင် ခွလျက်တည်ရှိနေပါသည်။ တောင်တန်းများအလယ်၌ ကြည်လင်သော သံလွင်မြစ်ရေ စိုက်ခင်းစိမ်းစိမ်း မြူနှင်းဝေဝေ ခံ့ထည်သော ကြိုးတံတားတို့ဖြင့် ကွမ်းလုံမြို့လေးသည် အေးချမ်းလှပေသည်။

ကွမ်းလုံမြို့မှ ဟိုက်ကမ်းပါး တောင်ကုန်းကို လှမ်းမြင်ရ၏။

ကွမ်းလုံမြို့ကို စိုးမိုးထားသော ဟိုက်ကမ်းပါးတောင်ကုန်းသည် မြို့၏ မြောက်ဘက် ကိုက် ၁၅၀၀ ခန့်အကွာတွင်တည်ရှိပြီး အမြင့်ပေ ၂၅၀၀ ခန့်ရှိပါသည်။ ဟိုက်ကမ်းပါးတောင်ကုန်း၏ အနေအထားမှာ အရှေ့မြောက်ဘက်မှ အနောက်တောင်ဘက်သို့ အနည်းငယ်စောင်းလျက် တည်ရှိပါသည်။ ဤတောင်ကုန်းသည် ၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့မှ ဒီဇင်ဘာလ ၂၈ ရက်နေ့အထိ ရက်ပေါင်း ၄၀ တိုင်တိုင် ဖြစ်ပွားခဲ့သော ကွမ်းလုံရက်လေးဆယ်ကြာ မြန်မာ့တပ်မတော်၏ သမိုင်းဝင်တိုက်ပွဲစဉ်တွင် အချက်အချာဖြစ်ခဲ့ပါသည်။

**ခံစစ်စခန်း**

ဟိုက်ကမ်းပါး တောင်ကုန်းသည် ကွမ်းလုံခံစစ်စည်း၏ အဓိကအချက်အချာ ခံစစ်စခန်းဖြစ်သည့်အလျောက် ယင်းတောင်ကုန်း ကျဆုံးသည်နှင့် ကွမ်းလုံမြို့ကို စွန့်လွှတ်ရမည်ဖြစ်သည်။

တစ်ချိန်က မြန်မာပြည် အရှေ့မြောက်ဒေသ ဗမာပြည် ကွန်မြူနစ်ပါတီက သံလွင်အရှေ့ခြမ်းကို သိမ်းပိုက်ပြီး လွတ်မြောက်ဒေသအဖြစ် ကြေညာရန် ကြိုးပမ်းခဲ့လေသည်။ ဤသို့ ကြေညာနိုင်ရေးအတွက် ကွမ်းလုံမြို့သိမ်းတိုက်ပွဲကို တိုက်စစ်ဆင်ခဲ့ကြသည်။ တပ်မတော်က ကွမ်းလုံမြို့ကို ရန်သူ့လက်တွင်း မကျရောက်စေရန် ကယ်တင်နိုင်ခဲ့ပါသည်။ တိုက်ပွဲစဉ်တစ်လျှောက်လုံး တပ်မတော်သားများ၏ မျိုးချစ်စိတ်ဓာတ်၊ စစ်ရေးစွမ်းရည်မြင့်မားမှုနှင့် ရဲဝံ့စွန့်စားမှုတို့ကို အထင်အရှား ပြသနိုင်ခဲ့ကြပါသည်။

နိုင်ငံတော်၏ မြေပုံအရွယ်အစား ပြောင်းလဲမသွားစေရေးအတွက် အမိမြေ၏တစ်လက်မတိုင်းစီကို တပ်မတော်သားတို့၏ အသက်သွေးချွေးများဖြင့် စတ္တန့်၊ မိနစ်နှင့်အမျှ ပေးဆပ်စွန့်လွှတ်၍ တိုက်ပွဲဝင်ခဲ့ခြင်း၏ သက်သေတစ်ခုပင်ဖြစ်ပါသည်။

**ယင်းလမ်းကြောင်းပေါ် (၂၉/၆)မိုင်အနီး သံလွင်မြစ်ကြောင်း၌ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် “တာရှန်” (ခေါ်) အဆင့်သုံးဆင့်ရှိ အလွန်လှပသောရေတံခွန် တည်ရှိနေပါသည်။ နေရောင်ခြည်ဖြာကျနေသည့် အေးမြကြည်လင်သော သံလွင်မြစ်ရေ၊ ကျောက်တုံးကြီးငယ် အရွယ်အဆင့်ဆင့်၊ ပတ်ဝန်းကျင်ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားလှသောတောင်ကြီးများဖြင့် အေးချမ်းလှပသာယာလွန်းလှပါသည်။ စိတ်အလျဉ်ကလည်း နယ်မြေများ တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချိန်တွင် “တာရှန်” ရေတံခွန်သည် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသောနေရာတစ်ခု ဖြစ်လာနိုင်ကြောင်း တွေးတောနေမိ**

(၃)

စာရေးသူသည် ဤဒေသသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ ရောက်ရှိခဲ့ပြန်ပါသည်။ ကာလကား တရုတ်တို့၏ နှစ်သစ်ကူးကာလဖြစ်သလို ဆောင်းရာသီမကုန်တတ်သေး၍ အေးချမ်းသောအချိန်ကာလလည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်အဖြစ် ကုန်းပိုင်းချင်းဆက်စပ်နေသလို မြစ်ချောင်းများနှင့်လည်း ပိုင်းခြားထားလျက်ရှိပါ၏။ ကိုးကန့်ဒေသသည်လည်း အရှေ့ဘက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်းပိုင်းချင်း ထိစပ်လျက်ရှိပြီး လောက်ကိုင်မြို့နယ်နှင့် ထိစပ်မှုမှာ ၂၆ မိုင်၊ ကုန်းကြမ်းမြို့နယ်နှင့် ၁၂ မိုင်၊ ချင်းရွှေဟော်မြို့နှင့်မူ ခြောက်မိုင် ထိစပ်နေကြ၏။ နယ်စပ်ချင်း ထိစပ်နေသည့်အတွက် တစ်ခါတစ်ရံ ဒေသအတွင်း နယ်စပ်ပြဿနာများ ဖြစ်ပွားလေ့ရှိပါသည်။ ထိုအခါများတွင် နယ်စပ်ကုန်သွယ်ရေးဂိတ်တည်ရှိသည့် ချင်းရွှေဟော်လမ်းကြောင်းသည် ပိတ်သွားတတ်ပါသည်။ ကုန်စည်စီးဆင်းမှု၊ ဒေသအတွင်း သွားလာမှုနှင့် အုပ်ချုပ်မှုယန္တရားများ ပြတ်တောက်သွားတတ်ပါသည်။

နိုင်ငံတော်သည် ချင်းရွှေဟော်လမ်းကြောင်း ပိတ်ခဲ့ပါက လောက်ကိုင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပြည်မဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ချင်းရွှေဟော်အား ဖြတ်သန်းခြင်းမပြုဘဲ လောက်ကိုင်မှ ကွမ်းလုံသို့ တိုက်ရိုက်သွားလာနိုင်သည့် လမ်းကြောင်းနှစ်ကြောင်းအား လျာထားဖောက်လုပ်ပေးနိုင်ခဲ့ပါသည်။ ပထမလမ်းကြောင်းမှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် မန်တုံပါးနှင့် ရန်တော်စမ်းရွာကြားရှိ သာကျူကျိုင်းရွာအနားမှဖြတ်၍ တောက်ရွှေ- ရှုကိန်းရွှေ- အာလာဖြဲ-ရန်ရှောက်ပ-တာဟွာတီးသို့ ပြန်ဆုံသည့် (၁၇/၀)မိုင် လမ်းကြောင်းဖြစ်ပါသည်။ ဒုတိယလမ်းကြောင်းမှာ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လောက်ကိုင်- မန်တုံပါး- ရန်တော်စမ်း- လူကော်ပါး- တာချင်စူး- ရန်ရှောက်ပ- တုံကြယ် (၃၅/၀) မိုင်အရှည်ရှိ လမ်းကြောင်းဖြစ်ပါသည်။ ယခုအခါ လမ်းများဖောက်လုပ်ပြီးစီးပြီဖြစ်ရာ ယင်းလမ်းကြောင်းများကိုအသုံးပြု၍ ချင်းရွှေဟော်၊ လောက်ကိုင်နှင့် ကွမ်းလုံသို့ အချိန်အခါမရွေး ဆက်စပ်သွားလာနိုင်ကြပြီ ဖြစ်ပါသည်။

ကိုးကန့်ဒေသအတွင်း ဖွံ့ဖြိုးရေးဆောင်ရွက်ပေးခဲ့သော လမ်းများသည် ယခင်စစ်ဆင်ရေး လမ်းဟောင်းများ၊ ဒေသခံများ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားခဲ့သော လူသွားလမ်း၊ လှည်းသွားလမ်းနှင့် ဝန်တင်လားများသွားသည့်လမ်းများကို အခြေခံ၍ လမ်းများအား Upgrade (အဆင့်မြှင့်တင်) ထားသော မြေသားလမ်းနှင့် ကျောက်ခင်းလမ်းများ ဖြစ်ကြပါသည်။

**နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**လုံခြုံရေး ကန့်သတ်ချက်ရှိသောနယ်မြေများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလွန်းလှသည်တော့ မဟုတ်ပေ။ ဒေသအတွင်း အသွားအလာကန့်သတ်မှု၊ ခရီးကွာဝေးမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အလုပ်သမားရှားပါးမှု၊ ရာသီဥတုပြင်းထန်ဆိုးရွားမှုများရှိခဲ့သော်လည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ရပ်တန့်မှုမရှိဘဲ အရှိန်အဟုန်ဖြင့် အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေသည်။**

(၄)

**စွန့်စားမှုများ၊ ပေးဆပ်မှုများ၊ ပင်ပန်းမှုများ၊ တွန်းအားများ၊ အခက်အခဲများနှင့် အလဲအထပ်ပြုလုပ်ပြီးမှသာ ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်၏။ ပြီးပြည့်စုံခဲ့ပြီ၊ ကောင်းခြင်းတွေနဲ့ ပြည့်နှက်ခဲ့ပြီဟု မဆိုနိုင်သေး။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရပေဦးမည်။**

စာရေးသူနှင့် ဖဖရ(လားရှိုး)၊ ခရိုင်ဖဖရ (လောက်ကိုင်)တို့မှ “နတလ” ဝန်ထမ်းများသည် ဇန်နဝါရီလ နံနက်ခင်းတစ်ခုတွင် လောက်ကိုင်မှ တုံကြယ် (ကွမ်းလုံ)သို့ ဖောက်လုပ်နေသည့် မြေသားလမ်း (၃၅/၀)မိုင်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေးခဲ့ကြပါသည်။ နှင်းမြူများ ပိတ်ဖုံးနေပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည့်ကြားမှ အချို့နေရာများတွင် မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ အချို့နေရာများတွင် ခြေကျင်ဖြင့်လည်းကောင်း သွားလာခဲ့ရသည်။ လောက်ကိုင်မှ မန်တုံပါးအထိသာ မြေပြန့်အပိုင်း ဖြစ်ပါသည်။

**စာမျက်နှာ ၉ သို့** ✪

❂ စာမျက်နှာ ၈ မှ
ကျန်အပိုင်းများမှာ တောင်တက်၊ တောင်ဆင်း၊ တောင်ကြားလမ်းများ၊ တောင်ကမ်းပါးယံဘေးများအတိုင်း ဖောက်လုပ်ထားသော မြေသားလမ်းဖြစ်ပါသည်။ တောင်ခါးပန်းများအတိုင်း ကွေ့ပတ်ဖောက်လုပ်ထားသည့် လမ်းများကို ခပ်ပြေပြေတက်ရသလို မတ်စောက်စောက်တို့ကိုလည်း တက်ရ၏။ တိုင်းရင်းသားရွာလေးများက တောင်စောင်းများတွင် အနိမ့်အမြင့် တည်ရှိနေကြပြီး ရွာတွင်းလမ်းများက ကွေ့ကွေ့ကောက်ကောက်နှင့် လှပစွာ တည်ရှိနေကြပါသည်။ တိတ်ဆိတ်ငြိမ်သက်အေးချမ်းသည့် ရွာလေးများဖြစ်ကြလေ၏။

**အချို့နေရာများတွင် တောင်ကမ်းပါးယံများမှာ မြင့်မားလွန်းသဖြင့် တောင်ပြိုကျမှုများ ထိန်းသိမ်းရန် တောင်ကိုအဆင့်ဆင့် (Step) များ၊ Cutting များ ပြုလုပ်ပေးရန် မှတ်တမ်းထားရ၏။ အချို့နေရာများတွင် လမ်းများကို ရေတိုက်စားမှုသက်သာအောင် Box Culvert များ လျာထားရ၏။ အချို့နေရာများသည် သတ်မှတ်ဖောက်လုပ်ရမည့် လမ်းအကျယ်ထက် ကျဉ်းနေသဖြင့် လမ်းတာချဲ့ရန် တိုင်းတာရ၏။ အတက်အဆင်း မတ်စောက်သည့်နေရာများကို မြေဖြတ်တောက်၍ လမ်းကြောင်းပြေပြစ်စေရေး ဖြေလျှော့ပေးရန် မြေပုံညွှန်းမှတ်ရ၏။**

**ရေစီးသန်သော "တာဝါးဟော်"ချောင်း**

လမ်းပိုင်း၏ (၃၀/၂) မိုင်ခန့်တွင် မိုးအခါ ရေစီးသန်သော "တာဝါးဟော်" ချောင်းရှိပါသည်။ ယင်းချောင်းသည် တောင်ကျရေပြင်းထန်၏။ လောက်ကိုင်မြို့နယ်နှင့် ကွမ်းလုံမြို့နယ် နယ်နိမိတ်အစပ်တွင် တည်ရှိ၏။ ဖြတ်ကူးရန် တံတားတစ်စင်း တည်ဆောက်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရသဖြင့် တံတားလျာထားပေးခဲ့ရာ ယခုအချိန်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ ကျပ်သန်း ၆၇ ဒသမ ၄၀၀ ဖြင့် တည်ဆောက်ပေးခဲ့ပြီး ဖြစ်ပါသည်။

တောင်များအဆင်းတွင် ရန်ရှောက်ပရွာသို့ ရောက်ပါသည်။ မြေပြန့်ဖြစ်သော ရန်ရှောက်ပမှ တုံကြယ်အထိလမ်းမှာ ဖောက်လုပ်ဆဲဖြစ်သဖြင့် ငါးမိုင်ခရီးကို အသွားအပြန် လမ်းလျှောက်ကြရသည်။ ချုံတိုးရသည်။ သံလွင်မြစ်ဘေးတစ်လျှောက် ကျောက်တုံး ကျောက်ခဲကြီးများကြား ဖြတ်သန်းသွားရ၏။ သစ်နီ၊ ယမနေ၊ ရုံးနွေ၊ ဝါးပင်တို့က ထူထပ်စွာ ပေါက်ရောက်လျက် လမ်းကို အုပ်မိုးထားကြလေသည်။

ယင်းလမ်းကြောင်းပေါ် (၂၉/၆)မိုင်အနီး သံလွင်မြစ်ကြောင်း၌ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် "တာရှန်" (ခေါ်) အဆင့်သုံးဆင့်ရှိအလွန်လှပသောရေတံခွန် တည်ရှိနေပါသည်။ နေရောင်ခြည်ဖြာကျနေသည့် အေးမြကြည်လင်သော သံလွင်မြစ်ရေ၊ ကျောက်တုံးကြီးငယ် အရွယ်အဆင့်ဆင့်၊ ပတ်ဝန်းကျင်ဘေးတစ်ဖက်တစ်ချက်တွင် မြင့်မားလှသော တောင်ကြီးများဖြင့် အေးချမ်းလှပ သာယာလွန်းလှပါသည်။ စိတ်အလျဉ်ကလည်း နယ်မြေများ တည်ငြိမ်အေးချမ်းပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ချိန်တွင် "တာရှန်" ရေတံခွန်သည် မြန်မာ့ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိသော နေရာတစ်ခု ဖြစ်လာနိုင်ကြောင်း တွေးတောနေမိပါသည်။

**မြောင်ဇီးတိုင်းရင်းသားတို့၏ကျေးရွာ**

လူကော်ပါးရွာသည် မြောင်ဇီးတိုင်းရင်းသားတို့၏ ကျေးရွာဖြစ်ပြီး တောင်အလယ်တွင် တည်ရှိပါသည်။ ယင်းနေရာမှ သံလွင်မြစ်ကြီးကို အပေါ်စီးမှမြင်ရသည်။ View Point ဖြစ်ပြီး တိမ်ပင်လယ်၊ တောင်ပင်လယ်တို့ကို တမေ့တမော မြင်ခဲ့ကြည်နူးခဲ့ရပါ၏။ သမိုင်းကြောင်းများပြားလှသည့် သံလွင်မြစ်ကြီး၏ ရေစီးဂီတသံကို ကြားရ၏။ တာချင်စူး၊ လူကော်ပါးရွာတို့ကို ဖြတ်သန်းစဉ် မြောင်ဇီးတိုင်းရင်းသားတို့အား ရိုးရာဝတ်စုံဖြင့် တွေ့ခဲ့ရသည်မှာ ဆုလာဘ်တစ်ခုပင် ဖြစ်လေသည်။

နှစ်သစ်ကူး ပွဲတော်ရက်ဖြစ်ကြသဖြင့် တိုင်းရင်းသားလူငယ်လူရွယ်တို့ သစ်လွင်သော အဝတ်အစားများဖြင့် ပျော်ပါးစွာ သွားလာနေကြပါသည်။ မြောင်ဇီးအမျိုးသားလူငယ်များသည် အတွင်းတွင် အင်္ကျီအဖြူဆင်မြန်းပြီး အပေါ်တွင် အနား၌ အပြာရောင်ကွပ်ထားသော အနက်ရောင် ရင်ဖုံးအင်္ကျီဝတ်ဆင်ထားကြ၏။ ထို့နောက် အပေါ်ထပ်လက်ပြတ်ကို ထပ်၍ဝတ်ဆင်သည်။ ဘောင်းဘီအနက်ကို ဆင်မြန်းသည်။ ခါးစည်းမှာ ရောင်စုံကြိုးများကို တစ်ထပ်ပြီးတစ်ထပ် ဆင်မြန်းကြသည်။ ထို့နောက် ပန်းရောင်အစကို ခါးတွင် ထပ်၍ချည်ပြီး ဆင်မြန်းထားကြလေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကဏ္ဍအသီးသီးတွင် ပညာတတ်များ မွေးထုတ်ရေး အဓိကလိုအပ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံသားများ ပညာတတ်များ ဖြစ်လာစေရေး၊ နိုင်ငံအတွင်း ပညာတတ်များ ပေါများလာစေရေးအတွက် မိမိတို့၏စွမ်းအားများကို စေတနာနှင့်ပေါင်းစပ်၍ ဆောင်ရွက်လျှင် မုချအောင်မြင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပြောကြားသည်။

ပညာရေးဝန်ကြီးဌာနမှ ပညာတတ်များ မွေးထုတ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ပြောကြားခြင်းဖြစ်သည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားများ၊ ကျောင်းသား ကျောင်းသူများ ပညာတတ်များဖြစ်လာရန်အတွက် သင်ကြားမည့် ဆရာ ဆရာမနှင့် စီမံခန့်ခွဲသူများအပါအဝင် လူသားအရင်းအမြစ်များ၏ အရည်အသွေးကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများ ဖြစ်လာစေရေးအတွက် လုပ်သက်ရင့် ဆရာကြီး ဆရာမကြီးများက မိမိထက်လုပ်သက်ငယ်သူများကို မွမ်းမံသင်တန်း ပို့ချသင်ကြားပေးစေလိုကြောင်း၊ အရည်အသွေးမြင့်မားသော သင်ရိုးညွှန်းတမ်းများကို လိုအပ်သော နည်းပညာများ အသုံးပြု သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားများ၊ ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုအခွင့်အလမ်းများ (Access) ကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်ထိ တိုးမြှင့်သင်ကြားရေးကို အားပေးရန်ဖြစ်ကြောင်း၊ ကျောင်းပြင်ပ မူလတန်းပညာရေးမှ အလယ်တန်းပညာရေးသို့ တိုးမြှင့်ပံ့ပိုးပေးရန်လိုကြောင်း၊ မြန်မာနိုင်ငံသားတိုင်း အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် ပြီးဆုံးရေး အခမဲ့အခြေခံပညာရေးကို ဦးတည်စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါများစေရေးအတွက် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များကို ရာခိုင်နှုန်းပြည့် အကောင်အထည်ဖော်နိုင်သမျှ ဖော်ဆောင်ကာ မှန်ကန်သော လမ်းကြောင်းပေါ်တင်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Online မူလတန်းကြို ပညာရေးအစီအစဉ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

"Online မူလတန်းကြို ပညာရေးအစီအစဉ်" ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Virtual ဖြင့် ကျင်းပရာ အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးများနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ တက်ရောက်ကြသည်။

**ညှိနှိုင်းဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကူးစက်ရောဂါ မြန်မာနိုင်ငံတွင် စတင်ပျံ့နှံ့ခဲ့သည့် အချိန်မှစ၍ မူကြိုကျောင်းများကို ပိတ်ထားခဲ့ရသည်မှာ တစ်နှစ်ကျော်ခန့် ကြာခဲ့ပြီဖြစ်ကြောင်း၊ ကလေးများအချင်းချင်း ရင်းနှီးမှုရှိလာစေရန်၊ အခြေခံယဉ်ကျေးမှုရှိစေရန်၊ အာရုံစိုက်တတ်လာစေရန်၊ ကလေးများ၏ အသက်အရွယ်အလိုက် သင်ယူရမည့် မူကြိုပညာရေးကို အွန်လိုင်းမှတစ်ဆင့် ရရှိစေရန်၊ ကလေးများအနေဖြင့် ကျောင်းများ ပိတ်ထားသည့်ကာလတွင် အချိန်ကိုအကျိုးရှိစွာဖြင့် မူကြိုပညာရေးကို သင်ယူစေခြင်းဖြင့် ပညာသင်ကြားနိုင်မှု အခွင့်အရေးရရှိလာစေရန်အတွက် New Normal အနေဖြင့် စတင်စမ်းသပ်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ အွန်လိုင်းဖြင့် သင်ကြားနိုင်ရေးအတွက် မိဘများအား Zoom Application အသုံးပြုသည့် အခြေခံအချက်များကို ဦးစွာ သိရှိနိုင်စေရန် လိုအပ်ပါကြောင်း၊ ကလေးများ ထိရောက်စွာ သင်ယူနိုင်ရေးအတွက် အိမ်မှ ကူညီပံ့ပိုးပေးနိုင်မည့်သူများအတွက် Guideline (လမ်းညွှန်ချက်)/ Manual လိုအပ်ကြောင်း၊ သင်ကြားရာတွင်လည်း သင်ကြားချိန်ကို သတ်မှတ်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ရန်ပုံငွေပိုင်းကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ရန်ပုံငွေ အခြေအနေအရ ရှေ့ပြေးစီမံချက်အနေဖြင့် စတင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ "Online မူလတန်းကြို ပညာရေးအစီအစဉ်" ဆောင်ရွက်နိုင်ရေးအတွက် ယခုစီမံချက်မှ ပိုမိုကောင်းမွန်သည့် စီမံချက်ဖြစ်စေရန်နှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဝိုင်းဝန်းစဉ်းစား၍ ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



**လူ့စွမ်းအားဖွံ့ဖြိုးရေး**

ထို့နောက် ဒုတိယဝန်ကြီးက ကလေးငယ်များ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လူ့စွမ်းအားဖွံ့ဖြိုးရေးကို များစွာ အထောက်အကူပြုကြောင်း၊ အွန်လိုင်းနည်းလမ်းများဖြင့် လုပ်ငန်းများကို ရပ်တန့်စေခြင်းမရှိဘဲ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် "Online မူလတန်းကြို ပညာရေးအစီအစဉ်" ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက နယ်မြေဒေသအလိုက် လက်တွေ့ဆောင်ရွက်နိုင်မည့် အခြေအနေများ ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၆**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သုခဝိဟာရကန်မိန်းကျောင်းတိုက်နှင့် နမ့်ဆန်မြို့ ဇယန်းကြီးကျောင်းတိုက်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ မြို့မဘုန်းတော်ကြီးကျောင်း၊ ပရဟိတဘုန်းတော်ကြီးကျောင်းနှင့် သဗ္ဗညုဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ မာလာရုံကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အာဇာနည်ပရိယတ္တိစာသင်တိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ မဟာဂန္ဓာရုံတပ်ဦးကျောင်းတိုက်နှင့် အောက်ရွာဘုန်းတော်ကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မဟာစည်သာသနာ့ရိပ်သာ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက်၊ ပျော်ဘွယ်မြို့နယ် မြင်းဘက်ရပ်ကွက်ရှိ ဝေဿန္တရာဘုန်းတော်ကြီးကျောင်း၊ မလှိုင်မြို့နယ် စည်တိုင်းရွာသစ်ဘုန်းတော်ကြီးကျောင်းနှင့် သရက်မြို့နယ် စခန်းကြီးကျေးရွာရှိ တပ်ဦးဘုန်းတော်ကြီးကျောင်းတို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်ပြီးစီးသည့်စင်တာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ



လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ အောက်ဆီဂျင်ထုတ်စက်ရုံတည်ဆောက်ပြီးစီးမှုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



သီးသန့်စောင့်ကြည့်ရမည့်သူများအား စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါအထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူအမျိုးသား ၂၂၇ ဦးနှင့် အမျိုးသမီး ၁၅၉ ဦး စုစုပေါင်း ၃၈၆ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခါတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၁၅ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၂၀ တို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၆၄ ဦးနှင့် အမျိုးသမီး ၁၄၆ ဦး စုစုပေါင်း ၃၁၀ ဦး အားလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိနယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၅၃ ဦးနှင့် အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၈၄ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

ထို့ပြင် အင်းစိန်မြို့နယ် သီရိမင်္ဂလာမဟာသာသနာ့ဗိမာန်တော်ကြီးရှိ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာ၌ ကိုဗစ်-၁၉ ရောဂါအတည်ပြုသံဃာတော် ၂၃ ပါးနှင့် မရမ်းကုန်းမြို့နယ်ရှိ နယ်မြေခံတပ်၌ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၆၁ ဦးတို့ကို ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ လှိုင်မြို့နယ် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ Oxygen Plant တည်ဆောက်ပြီးစီးမှုတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြစိမ်းရောင်အတိုးရငွေဖြင့် ရေတိုက်ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**သာယာဝတီ ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရေတိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းအပြင် ကျေးရွာလူထုထည့်ဝင်ငွေများဖြင့် ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/မရှိ ဩဂုတ် ၁၅ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် ဝန်ထမ်းများသည် ရေတိုက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု ရှိ၊ မရှိကိုလည်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

သာယာဝတီမြို့နယ် ရေတိုက်ကျေးရွာသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၇၇ သိန်းအပြင် ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁၃ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းတစ်ဖက်လျှင် အရှည်ပေ ၇၀၀၊ အကျယ် သုံးပေနှင့် ဒုကိုးလက်မစီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# သီရိလင်္ကာသမ္မတက အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်း



သီရိလင်္ကာနိုင်ငံ သမ္မတ ဂိုတာဘာယာရာဂျာပက်ဆာ

**ကိုလံဘို ဩဂုတ် ၁၆**

သီရိလင်္ကာနိုင်ငံ သမ္မတ ဂိုတာဘာယာရာဂျာပက်ဆာသည် အစိုးရအဖွဲ့ဝန်ကြီးခုနစ်ဦးကို အသစ်ခန့်အပ်ကာ ၎င်း၏အစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း သီရိလင်္ကာသမ္မတရုံးက ယနေ့တွင် ပြောကြားသည်။

အသစ်ခန့်အပ်လိုက်သည့် ဝန်ကြီးများသည် မြို့တော်ကိုလံဘိုရှိ သမ္မတရုံး၌ သမ္မတ ဂိုတာယာရာဂျာပက်ဆာ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သမ္မတရုံး၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါထုတ်ပြန်ချက်အရ ယခင်ကျန်းမာရေးဝန်ကြီးဟောင်း ဝမ်နီယာရာချီအား သယ်ယူပို့ဆောင်ရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ရမ်ဘူဝယ်လာအား ကျန်းမာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဂျီအယ်လ်ပီရစ်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ဂူနာဝါဒီနာအား ပညာရေးဝန်ကြီးအဖြစ်လည်းကောင်း အသီးသီးခန့်အပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂါမီနီလိုကူဂီအား စွမ်းအင်ဝန်ကြီးအဖြစ်လည်းကောင်း၊ အယ်လာဟာပီရူးမားအား ပြန်ကြားရေးဝန်ကြီး အဖြစ်လည်းကောင်း၊ နာမယ်ရာဂျာပက်ဆာအား လူငယ်နှင့်အားကစားဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် လက်ရှိတွင် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ် လျင်မြန်စွာကူးစက်ပျံ့နှံ့နေမှုနှင့် ရင်ဆိုင်နေရသောကြောင့် ရမ်ဘူဝယ်လာက ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကပ်ရောဂါ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားရန် နိုင်ငံသားအားလုံး၏ လူမှုရေးဆိုင်ရာ စုပေါင်းတာဝန်ယူမှုလည်း လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးသစ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံရှိ ဂျပန်သံရုံးဝန်ထမ်းများအား ရွှေ့ပြောင်းပေးမည်

**တိုကျို ဩဂုတ် ၁၆**

တာလီဘန်တိုက်ခိုက်ရေးသမားများသည် အာဖဂန်နစ္စတန်နိုင်ငံတွင် လျင်လျင်မြန်မြန်တုံ့ပြန်မှုများ ရှိလာခြင်းကြောင့် ဂျပန်နိုင်ငံအစိုးရက အာဖဂန်နစ္စတန်ရှိ ဂျပန်သံရုံးဝန်ထမ်းများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးသွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရသိရသည်။

တာလီဘန်တပ်ဖွဲ့ဝင်များက မြို့တော်ကဘူးလ်ကို သိမ်းပိုက်ကာ သမ္မတနန်းတော်ကို ထိန်းချုပ်ခဲ့စဉ် အာဖဂန်သမ္မတ မိုဟာမက်ဂါနီသည်လည်း နိုင်ငံအတွင်းမှ ထွက်ခွာသွားခဲ့သည်။ တာလီဘန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နစ္စတန်ရှိ ခရိုင်အားလုံးကို သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်ကြောင်း တာလီဘန်ပြောခွင့်ရသူ မူဂျာဟစ်က ပြောကြားသည်။

လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံရှိ ဂျပန်သံရုံးဝန်ထမ်း ၁၀ ဦးကျော်သည် သံရုံးမှ ထွက်ခွာသွားကြပြီဖြစ်ကြောင်းလည်း ဂျပန်အစိုးရက ပြောကြားသည်။ အာဖဂန် နစ္စတန်နိုင်ငံရှိ ဂျပန်နိုင်ငံသားများအား အာဖဂန်နစ္စတန်နိုင်ငံမှ အမြန်ဆုံးထွက်ခွာရန်လည်း ဂျပန်အစိုးရက တောင်းဆိုထားသည်။

ဂျပန်အစိုးရသည် ဂျပန်နိုင်ငံသားများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံမှထွက်ခွာမည့် ဂျပန်သံရုံးဝန်ထမ်းများနှင့် အခြားသော ဂျပန်နိုင်ငံသားများအနေဖြင့် အမေရိကန်နိုင်ငံသားများအား ဘေးလွတ်ရာရွှေ့ပြောင်းမည့် အမေရိကန်အစိုးရ၏လေယာဉ်ဖြင့် ခေါ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အလင်းသစ်**



ကဘူးလ်မြို့ရှိ ဟာမစ်ကာဇိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အာဖဂန်နစ္စတန်နိုင်ငံသားများနှင့် ခရီးသွားများ စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းနေစဉ်။



# တူရကီနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၆၂ ဦးရှိလာ

**အန်ကာရာ ဩဂုတ် ၁၆**

တူရကီနိုင်ငံ၏ပင်လယ်နက်ဒေသတွင် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၆၂ ဦးရှိလာခဲ့ကြောင်း တူရကီနိုင်ငံ၏ အရေးပေါ်နှင့် သဘာဝဘေးအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

ဩဂုတ် ၁၁ ရက်မှစတင်ကာ တူရကီနိုင်ငံမြောက်ပိုင်း ပင်လယ်နက်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများကြောင့် ကက်စတာမိုနူ ပြည်နယ်တွင် သေဆုံးသူအနည်းဆုံး ၅၂ ဦးရှိကြောင်း၊ ဆီနော့ပြည်နယ်တွင် သေဆုံးသူကိုးဦးနှင့် ဘာတင်ပြည်နယ်တွင် သေဆုံးသူတစ်ဦးရှိခဲ့ကြောင်း တူရကီနိုင်ငံ သဘာဝဘေးနှင့် အရေးပေါ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် အဆိုပါပြည်နယ်သုံးခု၌ လူ ၇၇ ဦး ပျောက်ဆုံးနေဆဲဖြစ်သောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက် ရှိကြောင်း တူရကီနိုင်ငံ ပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆွိုင်းလုက ပြောကြားသည်။

ပြီးခဲ့သည့်သီတင်းပတ်မှ စတင်ကာ ပင်လယ်နက်ဒေသ အနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ နေအိမ်များပျက်စီးခြင်း၊ တံတားများပြိုကျခြင်း၊ ကားများ ရေထဲမျောပါခြင်းတို့ ဖြစ်ပွားခဲ့သည့်အပြင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-အလင်းသစ်**




# အစ္စရေးနိုင်ငံမှ နိုင်ငံပေါင်းရှစ်နိုင်ငံသို့ အသွားအလာကန့်သတ်ချက်များ ရုပ်သိမ်း

**ဂျေရုဆလင် ဩဂုတ် ၁၆**

အစ္စရေးနိုင်ငံသည် မိမိနိုင်ငံမှ နိုင်ငံပေါင်းရှစ်နိုင်ငံသို့ အသွားအလာကန့်သတ်ချက်များ ချမှတ်ထားခြင်းကို ယနေ့ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံများမှာ ဥဇဘက်ကစ္စတန်၊ အာဂျင်တီးနား၊ ဘီလာရုစ်၊ တောင်အာဖရိက၊ ဗြိတိန်၊ ကာဇက်စတန်၊ ဆိုက်ပရပ်စ်နှင့် ရုရှားနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိအချိန်တွင် ဘရာဇီး၊ ဂျော်ဂျီယာ၊ မက္ကဆီကို၊ စပိန်နှင့် တူရကီနိုင်ငံများသို့ လေကြောင်းခရီးသွားလာခြင်းကို ကန့်သတ်ထားပြီး မကြာသေးမီက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာသည့် ဘူဂေးရီးယားနိုင်ငံကိုလည်းအဆိုပါခရီးအသွားအလာကန့်သတ်သည့် နိုင်ငံစာရင်းတွင် ထည့်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးသူခရီးသည်များ အပါအဝင် ကမ္ဘာ့နိုင်ငံများမှ အစ္စရေးနိုင်ငံသို့ လာရောက်သူ ခရီးသည်များအနေဖြင့် ခုနစ်ရက်ကြာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခွဲခြားစောင့်ကြည့်မှုကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနည်းပါးသည့် နိုင်ငံများဖြစ်သော တရုတ်၊ ဩစတြီးယား၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ မော်လ်ဒိုဗာ၊ နယူးဇီလန်၊ စင်ကာပူနှင့် ချက်သမ္မတနိုင်ငံတို့မှ ခရီးသည်များသည် အဆိုပါကန့်သတ်ချက်တွင် အကျုံးမဝင်ဘဲ တစ်ရက်ကြာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ခွဲခြားစောင့်ကြည့်မှုကိုသာ ခံယူရမည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**



# မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်း ရာထူးမှနုတ်ထွက်

**ကွာလာလမ်ပူ ဩဂုတ် ၁၆**

မလေးရှားနိုင်ငံဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်းသည် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ကြောင်း ယနေ့တွင် ကြေညာသည်။

မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်းနှင့် ၎င်း၏အစိုးရအဖွဲ့သည် လွှတ်တော်အမတ်အများစု၏ ထောက်ခံမှုဆုံးရှုံးခဲ့ရပြီးနောက် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရာထူးမှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည့်မိန့်ခွန်း၌ မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်းက ပြောကြားသည်။

မူဟစ်ဒင်ယာဆင်းက ၎င်းအနေဖြင့် ပါလီမန်၌ ၎င်းအားထောက်ခံမှုကို စမ်းသပ်ရန် ကနဦးကြိုးစားခဲ့သော်လည်း ၎င်း၏ညွန့်ပေါင်းအဖွဲ့မှ အမတ် ၁၂ ဦးက ထောက်ခံမှု ရုပ်သိမ်းခြင်းနှင့် အတိုက်အခံပါတီကလည်း ပူးပေါင်းဆောင်ရွက်မှုကို ငြင်းဆိုခဲ့ခြင်းတို့ ရှိခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

မလေးရှားဝန်ကြီးချုပ် မူဟစ်ဒင်ယာဆင်းသည် ယခင်ဝန်ကြီးချုပ် မဟာသီယာ မိုဟာမက် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်သွားပြီးနောက် ပြီးခဲ့သည့်နှစ် မတ်လအတွင်းက ဝန်ကြီးချုပ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မူဟစ်ဒင်ယာဆင်းသည် ပါလီမန်၌ အနည်းငယ်သောလူများနှင့်သာ အာဏာကိုဆက်လက်ကိုင်စွဲထားသူ ဖြစ်သည်။

အာဏာရမူဟစ်ဒင်ယာဆင်းဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ညီညွတ်သော မလေးရှားအမျိုးသားအဖွဲ့အစည်း(ယူအမ်အင်န်အို)၏ ဥက္ကဋ္ဌဖြစ်သူ အာမက်ဇာဟစ်ဟာမီဒီက ဝန်ကြီးချုပ်အား ထောက်ခံမှုကို ယူအမ်အင်န်အို အမတ်များစွာနှင့်အတူ ရုပ်သိမ်းခဲ့ပြီးနောက် မူဟစ်ဒင်ယာဆင်း၏ ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ခြင်းဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဟေတီနိုင်ငံ၌ မြေငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၂၉၇ ဦးရှိလာ

**ဆန်တိုဒိုမင်ဂို ဩဂုတ် ၁၆**

ဟေတီနိုင်ငံ၌ ဩဂုတ် ၁၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် ၇ ဒသမ ၂ မဂ္ဂနီကျူ အဆင့်ရှိ မြေငလျင်ကြောင့် သေဆုံးသူ စုစုပေါင်း ၁၂၉၇ ဦးလာခဲ့ကြောင်း ဟေတီနိုင်ငံ၏ ပြည်သူ့အကာ အကွယ်ပေးရေး အေဂျင်စီက ယနေ့တွင် သတင်းထုတ်ပြန်သည်။

လူနေအိမ်များ၊ ဘုရားရှိခိုးကျောင်းများနှင့် စာသင်ကျောင်းများသည်လည်း အဆိုပါမြေငလျင် လှုပ်ခတ်မှုကြောင့် ပျက်စီးသွားခဲ့ကြောင်းနှင့် ဆေးရုံအချို့သည်လည်းအရေးပေါ်အထောက်အပံ့များ လိုအပ်လျက်ရှိကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် ဒဏ်ရာရရှိသူ ၅၇၀၀ ခန့်ရှိကြောင်းနှင့် လူအများအပြား ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ မြေငလျင်လှုပ်ခတ်မှုကြောင့် လက်ကာယက်စ်မြို့အနီးတစ်ဝိုက်သည် အဆိုးရွားဆုံးပျက်စီးဆုံးရှုံးမှုကို ခံစားခဲ့ရကြောင်း သိရသည်။

လူမှုမီဒီယာတစ်ခုပေါ်တွင် တွေ့ရှိရသည့် ဗီဒီယိုဖိုင်တစ်ခုအရ ဒေသခံများသည် ပျက်စီးနေသော အဆောက်အအုံများကြားမှ လူသေအလောင်းများကို ဆွဲထုတ်ရန် ကြိုးပမ်းနေကြကြောင်း ဖော်ပြထားသည်။

အဆိုပါမြေငလျင်သည် စိန့်လူးဝစ်ဒူဆက်မြို့နှင့် ၁၂ ကီလိုမီတာခန့်(၇ ဒသမ ၅ မိုင်)ခန့်အကွာတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒစစ်တမ်းအရ သိရသည်။ ယင်းမြေငလျင်သည် မြေငလျင်ဗဟိုချက်နှင့် ၁၂၅ ကီလိုမီတာကွာဝေးသည့် လူဦးရေအထူထပ်ဆုံး ပေါ့အောပရင့်မြို့တော်နှင့် အိမ်နီးချင်းနိုင်ငံများသို့လည်း ရိုက်ခတ်မှုရှိခဲ့ကြောင်း သိရသည်။

မြေငလျင်လှုပ်ခတ်ပြီးနောက် ဟေတီနိုင်ငံဝန်ကြီးချုပ် အေရီယယ်ဟင်နရီက တစ်လကြာအရေးပေါ် အခြေအနေတစ်ရပ်ကိုကြေညာခဲ့ပြီး ပြည်သူလူထုကိုလည်း စည်းလုံးညီညွတ်မှုကို ပြသကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အိမ်နီးချင်း ဒိုမီနီကန်နိုင်ငံက ဟေတီနိုင်ငံသို့ အစားအစာနှင့် ဆေးဝါးပစ္စည်းများ ပေးပို့ခဲ့ကြောင်းနှင့် ကျူးဘားနိုင်ငံကလည်းဆရာဝန်၂၅၀ကျော်အားစေလွှတ်ခဲ့ကြောင်း သိရသည်။ **ကိုးကား - ဘီဘီစီ**
**ဘာသာပြန် - အလင်းသစ်**



# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၉၃၇ ဦးရှိ

**နယူးဒေလီ ဩဂုတ် ၁၆**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၉၃၇ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၃၂၂၅၅၁၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၁၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ စုစုပေါင်း ၄၃၁၅၄၂ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၃၈၁၉၄၇ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၃၅၉၀၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၁၄၁၁၉၂၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၈၅၄ ဦး ထပ်မံတွေ့ရှိ

**တိုကျို ဩဂုတ် ၁၆**

ဂျပန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၈၅၄ ဦးကို ထပ်မံတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ၁၆၀၃ဦးမှာ ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ကိုဗစ်-၁၉ရောဂါဖြင့်တက်ရောက်ကုသနေကြောင်း သိရသည်။

နိုင်ငံလူဦးရေ၏ ၄၉ ရာခိုင်နှုန်းကျော်ဖြစ်သော ၆၂၆၈၀၀၀၀ကျော်မှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်၍ ၄၇၂၃၀၀၀၀ ကျော်မှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးစီးခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အသက် ၆၅ နှစ်နှင့်အထက်ရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပြီးဖြစ်သည်။ တိုကျိုမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၉၆၂ဦးကို ယနေ့ထပ်မံတွေ့ရှိရပြီး ၎င်းတို့အနက်မှ ၂၆၈ ဦးမှာ ရောဂါ ပြင်းထန်စွာ ခံစားနေရကြောင်း တိုကျိုမြို့ပြ အစိုးရအဖွဲ့က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆၅၂ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဩဂုတ် ၁၆**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆၅၂ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၃၆၉၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၁၄၁ ဦးရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ နိုင်ငံတောင်ပိုင်းတွင် လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများကို တွေ့ရှိရပြီး ဟိုချီမင်းမြို့တော်တွင် ၃၃၁၄ ဦး၊ ဘင်ဒေါင်းပြည်နယ်တွင် ၂၅၂၂ ဦး၊ လောင်အန်းပြည်နယ်တွင် ၅၉၉ ဦး စသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများကို တွေ့ရှိရကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၆၉၇၇ ဦးမှာ ရောဂါမှ ပြန်လည်ကျန်းမာလာပြီး လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၄ ဒသမ ၇ သန်းနီးပါးကို ထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်အထိ ပြည်တွင်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၉၆၈၁ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ ဟိုချီမင်းမြို့တော်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို လျှော့ချရန်အတွက် လက်ရှိထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းများကို စက်တင်ဘာ ၁၅ရက်အထိ အချိန်တိုးမြှင့်ထုတ်ပြန်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



## မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၇၄၀ ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၆**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၇၄၀ ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၄၂၄၆၃၉ ဦး ရှိလာကြောင်း မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူ ၁၉၇၄၀ အနက် ၁၉၇၂၁ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၉ ဦးသည် ပြည်ပမှပြန်လာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီး နော်ဟစ်ရှမ်အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၄ ဦး ထပ်မံတိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၂၇၈၄ ဦး ရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၇၄၅၀ ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၁၁၆၂၅၇၈ ဦး ရှိလာကြောင်းနှင့် ယင်းအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း၏ ၈၁ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ရောဂါပိုးတွေ့ရှိဆဲ လူနာ ၂၄၉၂၇၇ ဦး ရှိကြောင်း၊ ယင်းတို့အနက် ၁၀၄၇ ဦးသည် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းနှင့် ၅၂၀ သည် အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၈၇ သန်းကျော်ရှိလာ

**ဂျကာတာ ဩဂုတ် ၁၆**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၃၈၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၈၇၁၇၃၈ ဦး ရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၄၅ ဦးထပ်တိုးလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၁၈၈၃၃ ဦး ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၂၉၉၂၅ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၃၈၁၈၈၄ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံ၏ ပြည်သူ ၂၀၈ ဒသမ ၂ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းထားလျက်ရှိပြီး ယနေ့တွင် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ငါးသန်းလက်ခံရရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၅၄ ဒသမ ၃၈ သန်းရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၂၈ ဒသမ ၅၂ သန်းကျော်ရှိကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





## ပါကစ္စတန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၆၉ ဦး ထပ်မံတွေ့ရှိ

**အစ္စလာမ်မာဘတ် ဩဂုတ် ၁၆**

ပါကစ္စတန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၆၉ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၁၀၂၀၇၉ ဦးရှိလာကြောင်း ပါကစ္စတန် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရေးစင်တာက ပြောကြားသည်။

အလားတူ တစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၂၁၈ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၉၈၉၀၁၃ ဦး ရှိလာကြောင်း အဆိုပါစင်တာမှ ပြောကြားသည်။ ထို့ပြင် တစ်ရက် အတွင်း ကိုဗစ်-၁၉ရောဂါကြောင့် ၇၂ ဦးထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၄၇၈ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံ၏တောင်ပိုင်းရှိ ဆင်းပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု အဆိုးရွားဆုံးခံစားရသောဒေသဖြစ်ပြီး ၎င်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၂၁၆၅ ဦး ရှိကာ နိုင်ငံ၏အရှေ့ပိုင်းရှိ ပန်ဂျပ်ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်တွင် ဒုတိယအများဆုံးပြည်နယ်ဖြစ်ပြီး ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၃၇၂၇၅၀ ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၁၀ ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၁၆**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၁၀ ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၅၅၈၄၆ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၇ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူ ၃၀၃၆၆ ဦးရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ ဖိလစ်ပိုင်နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်သည် အခြားဗီဇပြောင်းဗိုင်းရပ်စ်များ ထက်လျင်မြန်စွာ ပျံ့နှံ့လျက်ရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုပေါင်း၏ ၄၂ ရာခိုင်နှုန်းရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ရောဂါပိုးမွှားမျိုးရိုးဗီဇဆိုင်ရာစင်တာမှ အမှုဆောင်ညွှန်ကြားရေးမှူး ဆင်သီယာဆီလိုမာက ပြောကြားသည်။

မနီလာမြို့ပြဒေသတွင် ဒယ်လ်တာဗီဇပြောင်းကူးစက်မှု သိသိသာသာမြင့်တက်လာသည်ကို မြင်တွေ့ရကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ မကြာသေးမီက ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးခဲ့သော လူ ၃၀၀ ၏ ထက်ဝက်ကျော်ခန့်တွင် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မာရီယာရိုဆာရီယိုဗာဂျီရီက အွန်လိုင်းမှ ပြုလုပ်သောအစည်းအဝေးတွင် ပြောကြားသည်။ နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်း အစုလိုက်အပြုံလိုက် ကူးစက်မှုများကို တွေ့ရှိရခြင်းနှင့် အသွားအလာကန့်သတ်ထားသည့်ကာလအတွင်း နိုင်ငံသားများ၏ ခရီးသွားလာမှုများရှိခြင်းတို့ကြောင့် မကြာမီရက်များအတွင်း နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရမှုများ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်ဟု ၎င်းကပြောကြားသည်။

နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၈၀၇ ဦး ရှိသည့်အနက် ၁၇ ဦးသေဆုံးသည်။ လူဦးရေ ၁၁၀သန်းခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ လူပေါင်း ၁၆ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
| --- | --- | --- | --- |
| | ၂၀၈၀၅၂၃၄၉ ဦး | ၄၃၇၈၂၀၃ ဦး | ၁၈၆၆၀၃၉၀၉ ဦး |

# ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ထောက်ပံ့လှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၆**

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့်စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

**ထောက်ပံ့လှူဒါန်း**

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ကျန်းမာရေးဦးစီးဌာန ဆေးရုံနှင့် ကိုဗစ်စင်တာများ၌ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ မြိတ်မြို့ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကိုလည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၀၀ တို့အတွက် ဆန်၊ အလှူငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက အသီးသီးသွားရောက်ထောက်ပံ့လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် ဆေးပစ္စည်းများကို ပြခန်းပေါင်း ၃၀ ဖြင့် လက်လီ/လက်ကား ခင်းကျင်းပြသ ရောင်းချပေး

**ရန်ကုန် ဩဂုတ် ၁၆**

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးနှင့် သက်ဆိုင်သော ဆေးဝါးများနှင့် ဆေးပစ္စည်းများ ဝယ်ယူရန်လိုအပ်နေကြသည့် ပြည်သူများ အဆင်ပြေကြစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ကိုဗစ်-၁၉ ကူးစက်ရောဂါကုသရေးဆေးဝါးများအပါအဝင် အခြားအိမ်သုံးဆေးဝါးများကို အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ကွင်းချောင်းမီးပွိုင့်အနီး) ၌ ပြခန်းများဖြင့် ယနေ့မှစတင်ကာ လက်လီ/လက်ကား ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

**ဈေးနှုန်းမှန်ကန်စေရေး**

အရည်အသွေးမှန်ကန်စိတ်ချကောင်းမွန်သည့် ဆေးဝါးများကို တစ်နေရာတည်းတွင် တစုတစည်းတည်း လိုအပ်သလို ရှာဖွေဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ ပထမအဆင့်အနေဖြင့် အလုံမြို့နယ်တွင် လက်လီ/လက်ကား စတင်ခင်းကျင်းပြသရောင်းချပေးနေခြင်းဖြစ်ပြီး ဈေးကွက်အတွင်း၌ ဆေးနှင့်ဆေးပစ္စည်းပြတ်လပ်မှုမရှိစေရေး၊ သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေးနှင့် ပြည်သူများ လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်ကုမ္ပဏီများက "အိမ်သုံးဆေးဝါးများ လက်လီ/လက်ကား ရောင်းချခြင်းအစီအစဉ်"ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနပိုင်နေရာ၌ ဖွင့်လှစ်ရောင်းချနေခြင်းဖြစ်ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆေးဝါးတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် (DIAC) ရရှိထားကြသည့် အသင်းဝင်ကုမ္ပဏီများက ခင်းကျင်းပြသရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။



ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးနှင့်သက်ဆိုင်သော ဆေးဝါးနှင့် ဆေးပစ္စည်းများကို အလုံမြို့နယ် ကမ်းနားလမ်း၌ ပြခန်းများဖြင့် ခင်းကျင်းပြသရောင်းချစဉ်။

အဆိုပါ ဆေးဝါးများ လက်လီ/လက်ကား ရောင်းချသည့်အစီအစဉ်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးနှင့်သက်ဆိုင်သော ဆေးဝါးများအပါအဝင် အခြား အားဆေးများနှင့် ဆေးပစ္စည်း အမျိုးအစားပေါင်း ၂၅၀ နှင့် ၃၀၀ ကြားကို အသင်းဝင်ကုမ္ပဏီပေါင်း ၃၀ မှ ပြခန်းပေါင်း ၃၀ ဖြင့် ယနေ့မွန်းလွဲ ၁ နာရီကစတင်၍ ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။ ပထမ အဆင့်အနေဖြင့် အင်္ဂါနေ့မှ သောကြာနေ့အထိကို နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ခင်းကျင်းပြသရောင်းချပေးရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဝင်းမော်ဖြိုးထံမှ သိရသည်။

"ပြပွဲမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ဆေးဆိုတာထက် ကုသတဲ့ဆေးတွေ ပိုများမယ်။ နောက် ကိုဗစ်-၁၉ ရောဂါနဲ့မပတ်သက်တဲ့ အခြားသော အားဆေးတွေလည်း အများကြီးခင်းကျင်းပြသထားပါတယ်။ ပထမအဆင့်အနေနဲ့တော့ အင်္ဂါနေ့မှ သောကြာနေ့အထိ ခင်းကျင်းပြသရောင်းချဖို့ စီစဉ်ထားပြီး ဝယ်လိုအားနဲ့ရောင်းချတဲ့အခြေအနေပေါ်မူတည်ပြီးတော့ ရက်ထပ်တိုးမယ်၊ မတိုးဘူးဆိုတာကိုလည်း အလုပ်အမှုဆောင်အစည်းအဝေးက ဆုံးဖြတ်ပြီး ကြိုတင်အသိပေးမှာဖြစ်သလို အသင်းရဲ့ လူမှုကွန်ရက်စာမျက်နှာကနေ ကြိုတင်အသိပေးကြေညာပေးမှာလည်းဖြစ်ပါတယ်။ လောလောဆယ်အနေအထားမှာ ဆေးဝါးနဲ့ ဆေးပစ္စည်းတွေကို မှန်ကန်တဲ့ ကုမ္ပဏီတွေက မှန်ကန်တဲ့တိုက်ရိုက်ဈေးနှုန်းနဲ့ ခင်းကျင်းပြသရောင်းချပေးနေတာလည်း ဖြစ်ပါတယ်"ဟု ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဝင်းမော်ဖြိုးက ပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ကုသရေးနှင့် သက်ဆိုင်သော ဆေးဝါးနှင့်ဆေးပစ္စည်းများကို ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနေရာ၌ ဒုတိယအဆင့်အနေဖြင့် ယခုလအတွင်း ဖွင့်လှစ်ခင်းကျင်းပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသောကြောင့် ပြပွဲစတင်ခင်းကျင်းပြသမည့်ရက်ကို ကြိုတင်အသိပေးကြေညာပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၌ ပြည်တွင်းကုမ္ပဏီ၊ ပြည်ပကုမ္ပဏီနှင့် တစ်သီးပုဂ္ဂလအသင်းဝင်ပေါင်း ၁၀၅၀ ရှိကြောင်း မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

သတင်း- ပွင့်သစ္စာ
ဓာတ်ပုံ- စိုးမြင့်အောင်



# ညောင်လေးပင်မြို့နယ်အတွင်းရှိ ဆေးဆိုင်များ ကွင်းဆင်းစစ်ဆေး

**ညောင်လေးပင် ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ဆေးဆိုင်များအား မြို့နယ်ဆေးဝါးနှင့် ဆေးပစ္စည်းများ ဈေးကွက်စောင့်ကြည့်ကြပ်မတ်စစ်ဆေးရေးအဖွဲ့က ဆေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ သတ်မှတ်အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေးတို့အတွက် ဩဂုတ် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဆေးဝါးနှင့် ဆေးပစ္စည်းများ ဈေးကွက်စောင့်ကြည့်ကြပ်မတ်စစ်ဆေးရေးအဖွဲ့ ခေါင်းဆောင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းယုန်းနှင့် အဖွဲ့ဝင်များက အဖွဲ့များခွဲကာ ညောင်လေးပင်မြို့ပေါ်ရှိ ဆေးဆိုင် ၁၀ ဆိုင်၊ ပြွန်တန်ဆာမြို့ရှိ ဆေးဆိုင် ငါးဆိုင်၊ ပိန်းဇလုပ်မြို့ရှိဆေးဆိုင် ခုနစ်ဆိုင်၊ မဒေါက်မြို့ရှိ ဆေးဆိုင် ငါးဆိုင်နှင့် ရပ်ကွက်၊ ကျေးရွာတို့ရှိ ဆေးဆိုင်များအပါအဝင် ဆေးဆိုင်ပေါင်း ၆၂ ဆိုင်တို့အား ကွင်းဆင်းစစ်ဆေးကာ ဆိုင်ရှင်များနှင့်တွေ့ဆုံ၍ ဆေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ သတ်မှတ်အရည် အသွေးနှင့် ဈေးနှုန်းမှန်ကန်စေရေးတို့အတွက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ညောင်လေးပင်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမြင့်တက်နေသောကြောင့် ကာကွယ်ကုသရေးပိုင်းတွင် ဆေးပြတ်လပ်မှုမရှိစေရေး၊ ရောဂါဖြစ်ပွားသူများအနေဖြင့် ဆေးဝါးနှင့် အထောက်အကူပစ္စည်းများ အချိန်မီဝယ်ယူရရှိနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် အဖွဲ့အနေဖြင့် မကြာခဏ ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# ပန်းခင်းဆီသို့ လှမ်းခဲ့ပါ

## မောင်မုဒိတာ



နိုင်ငံသားတစ်ဦးသည် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်ရမည်ဖြစ်သည်။ ယင်းအခွင့်အရေးများ ရရှိနိုင်ရန် နိုင်ငံသားအဖြစ် အသိအမှတ်ပြုဖို့က နိုင်ငံသားစိစစ်ရေးကတ်ပြားရှိဖို့ လိုအပ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားရှိပါမှ နိုင်ငံသားတစ်ယောက်အဖြစ် ခိုင်ခိုင်မာမာအသိအမှတ်ပြုနိုင်ပြီး နိုင်ငံသားတစ်ယောက် ရရှိခံစားခွင့်ရှိသည့်အခွင့်အရေးများကို ရရှိခံစားနိုင်မည်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်ကို လဝက က ပန်းခင်းစီမံချက်ဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျား ဆောင်ရွက်ပေးလျက်ရှိပါသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြား**

ပန်းခင်းစီမံချက်သည် နိုင်ငံသားအားလုံးအတွက်ဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအနေဖြင့် မထောင်းတာလှသော်လည်း မရရှိသေးသည့် နိုင်ငံသားများအတွက်က မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်တစ်ရပ်ဖြစ်ပါသည်။ ယင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်အစိုးရက ပြည်သူများ၏အကျိုးအတွက် စေတနာရှေးရှုဆောင်ရွက်မှုတစ်ခုပင် ဖြစ်သည်။ နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိပါက သူ့အနေဖြင့် အလိုလိုနိုင်ငံမဲ့ဖြစ်နေမည်။ နိုင်ငံသားအခွင့်အရေးများ အလိုလိုဆုံးရှုံးနေမည်။ “ကိုယ်နေတဲ့နေရာမှာ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်ထမင်း ကိုယ်စားနေတာ နိုင်ငံသားအခွင့်အရေး မလိုပါဘူး” လို့ပြောမည့်သူများလည်း ရှိနိုင်သည်။ “ဒီမှာမွေး၊ ဒီမှာကြီးပြင်းပြီး ဘယ်မှသွားတာမှ မဟုတ်တာ မလိုပါဘူး” လို့ ပြောသူများလည်း ရှိပါမည်။ ခေတ်စနစ်များက မတူတော့၊ ကမ္ဘာကြီးတွင် သူ့နေရာနှင့်သူ အရာရာတိုးတက်ပြောင်းလဲနေမှုများကို မည်သူမျှလျစ်လျူရှုနေလို့မရနိုင်။ တစ်နေရာနှင့်တစ်နေရာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ တိုးတက်ပြောင်းလဲမှုက ပိုမိုလျင်မြန်လျက်ရှိသည်။ ကျေးလက်နေပြည်သူများအနေဖြင့် မိရိုးဖလာလုပ်ငန်းများကိုသာ လုပ်ကိုင်ကြရင်း ကြီးပြင်းလာကြသော်လည်း ၎င်းတို့၏သားသမီးလူငယ်များသည် မိဘလက်ငုတ်လုပ်ကိုင်မှုထက် အသိအမြင်ကြွယ်ကြွယ်ဖြင့် မြို့ပေါ်တက်အလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရင်း ကြီးပွားတိုးတက်မှုကို လမ်းစရှာဆောင်ရွက်ကြသည်သာ။ ယင်းကဲ့သို့ မြို့ပေါ်တက်လာသည်နှင့် ၎င်းတို့အတွက် နိုင်ငံသားအထောက်အထား မဖြစ်မနေလိုအပ်ပြီဖြစ်သည်။ ကျေးရွာ လူကြီးထောက်ခံချက်ဖြင့် မြို့တက်လာပါက ဘယ်ရွာသားဆိုသည့်အဖြစ်တော့ သိနိုင်ကြသော်လည်း အလုပ်အကိုင်အခွင့်အလမ်းအတွက် ယင်းထောက်ခံချက်က အသုံးမဝင်။ နိုင်ငံသားတစ်ဦးအတွက် ဘယ်အလုပ်ဖြစ်ဖြစ် အလုပ်လျှောက်လိုက်သည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား (အများအခေါ်-မှတ်ပုံတင်) ပြရသည်။ မိတ္တူတင်ပြရသည်။ လျှောက်လွှာတွင် မှတ်ပုံတင်နံပါတ်ဖြည့်သွင်းရသည်။ နိုင်ငံအတွင်း မည့်သည်အရပ်ဒေသကလာလာ၊ မည်သည့်အရပ် ဒေသရောက်ရောက်၊ မည်သည့်အရပ်ဒေသ၌ မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ မရှိမဖြစ်က နိုင်ငံသားစိစစ်ရေးကတ်ပြားဖြစ်သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားသည် အိမ်ထောင်စုလူဦးရေစာရင်းကို အခြေခံပြီး ဘိုးဘွားမိဘမျိုးရိုးစဉ်ဆက် သွေးသားဆက်စပ်မှုအပေါ် မူတည်ဆောင်ရွက်ပေးရသည့်ကတ်ပြား ဖြစ်သည်။ ဘိုးဘွားမိဘကနေသာသလိုနေ၊ ဘယ်မှမသွား၊ လက်ရှိနေရာ လက်ငုတ်လက်ရင်း၌သာ နေထိုင်လုပ်ကိုင်စားသောက်ပြီး မည်သည့်အထောက်အထားမျှမရှိ။ ၎င်းတို့၏သားသမီးများကျတော့ ယင်းကဲ့သို့မဟုတ်။ ပညာတတ်ကြီးဖြစ်စေရေးအတွက် ကျောင်းထားကြသည်။ တစ်စတစ်စနှင့် ကလေးများက အမြင်ကျယ်လာသည်။ အသက် (၁၀) နှစ်ပြည့်တော့ လဝကက ကျောင်းများတွင် ကွင်းဆင်း၍ မှတ်ပုံတင်ပြုလုပ်ပေးသည်။ ဘိုးဘွားမိဘများ၌ မှတ်ပုံတင်နှင့်ပတ်သက်၍ မည်သည့်အထောက်အထားမျှမရှိပါက အခက်တွေ့ပြီ။ ဘိုးဘွားမိဘနောက်ကြောင်းလိုက်၍ သက်ရှိထင်ရှားရှိနေပါက ၎င်းတို့ကို ဦးစားပေးကာ မှတ်ပုံတင်ပြုလုပ်ပေးရတော့သည်။ ၎င်းတို့ကိုအခြေခံ၍ သွေးသားဆက်စပ်မှုအရ သားသမီးများအတွက် မှတ်ပုံတင်ဆောင်ရွက်ကြသည်။ ဘိုးဘွားမိဘများက မည်သည့်ကတ်ပြားမှ ကိုင်ဆောင်ထားခြင်းမရှိပါက သားသမီးများအတွက် အခက်အခဲရှိသည်။ ပညာကြိုးစားသင်ပြီး (၁၀)တန်းအောင်၊ တက္ကသိုလ်ဆက်တက်ပြီး ဘွဲ့ရပြီဆိုပါက ဘွဲ့လက်မှတ်ရရှိရေးမှာ နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်) ရှိမှဖြစ်မည်။ ဘွဲ့လက်မှတ်ရရှိဦးတော့၊ မှတ်ပုံတင်မရှိလျှင် မည်သည့်အလုပ်မျှ ရရှိနိုင်မည်မဟုတ်ပေ။ ဤသည်မှာ ပြည်တွင်းအလုပ်အတွက် ဘွဲ့လက်မှတ်အထောက်အထားနှင့် မှတ်ပုံတင်လိုအပ်ချက်ဖြစ်သော်လည်း ၎င်းအနေဖြင့် ပြည်ပနိုင်ငံတစ်ခုခုသို့ သွားရောက်အလုပ်လုပ်ကိုင်မည်၊ ပြည်ပတွင် ကျောင်းသွားတက်မည်ဆိုပါစို့၊ မြန်မာနိုင်ငံကူးလက်မှတ် (Passport) စာအုပ်လုပ်ရမည်။ Passport စာအုပ် ပြုလုပ်မည်ဆိုပါက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်၊ မှတ်ပုံတင်၊ ဒီနိုင်ငံသားဖြစ်ကြောင်း အသိအမှတ်ပြုကတ်ပြားတစ်ခုခုဖြင့်သာ လျှောက်ထားရယူကြရသည်။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်ကတ်ပြားမရှိပါက Passport စာအုပ်လျှောက်၍မရ၊ ပြည်ပသို့ တရားဝင်သွားရောက်ရန်မဖြစ်နိုင်။

**နိုင်ငံသားအထောက်အထားတစ်ခု**

နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားဖြစ်ကြောင်း အထောက်အထားဖြစ်ပြီး သားစဉ်မြေးဆက် သွေးချင်းဆက်စပ်၍ ၎င်း၏မိဘများသည် နိုင်ငံသားဖြစ်ပါက ၎င်းအတွက်ဆောင်ရွက်ပေးရန် မခက်ခဲလှပေ။ မခက်ခဲသော်လည်း လူတစ်ဦးချင်းစီ၏ အချက်အလက်အထောက်အထားများဖြစ်ပြီး ဆောင်ရွက်ပေးရသည့် ဌာနအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မှတ်တမ်းမှတ်ရာများစနစ်တကျရေးသွင်း မှတ်တမ်းတင်ကြရသည်။ နိုင်ငံသားတစ်ဦးအတွက် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ ခရီးသွားလာမှုနှင့် နေရာဒေသတစ်ခုခု၌ တည်းခိုရေးနှင့် အခြေချနေထိုင်ရေး၊ တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရေး၊ စီးပွားရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးရယူမှု၊ စုဆောင်းမှုအတွက် ဘဏ်လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ တစ်ဦးနှင့်တစ်ဦး စာချုပ်စာတမ်းအထောက်အထား ချုပ်ဆိုဆောင်ရွက်နိုင်ရေး စသည့်လူတစ်ဦးအတွက် အရေးပါအရာရောက်သည့် ဆောင်ရွက်မှုတိုင်းတွင် စတင်ရရှိချိန်မှ သေဆုံးသည်အထိ နံပါတ်တစ်ခုသီးသန့်ရှိသည့် မှတ်ပုံတင်ကတ်ပြားသည် မရှိမဖြစ်လိုအပ်ပေသည်။ ထို့အပြင် ယခုဒီမိုကရေစီခေတ်၌ ပို၍ပင်အရေးကြီးသော နိုင်ငံသားအထောက်အထားတစ်ခု ဖြစ်နေသည်။

ဒီနိုင်ငံတွင်မွေး၊ ဒီနိုင်ငံတွင် ကြီးပြင်းသော်လည်း မှတ်ပုံတင်မရှိပါက နိုင်ငံသားတစ်ဦး၏ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးပေမည်။ မိမိနိုင်ငံက လျှောက်လှမ်းနေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ပေါ်ထွန်းရေးအတွက် တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မှတ်ပုံတင်မရှိပါက မိမိကြိုက်နှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်အား မဲဆန္ဒပေးထောက်ခံဖို့ ခက်ခဲပေမည်။ ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် မှတ်ပုံတင်မရှိဘဲ မဲပေးမှုများ၊ မဲစာရင်းထပ်မှုများကြောင့် တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်ခဲ့ဘဲ ရလဒ်များကို ပယ်ဖျက်လိုက်ပြီဖြစ်သည်။ ယင်းအဖြစ်အပျက် အတွေ့အကြုံများအရ နောင်လာမည့်ရွေးကောက်ပွဲများတွင် မှတ်ပုံတင်မရှိသူအတွက် ဆန္ဒမဲပေးဖို့ မဖြစ်နိုင်တော့။ နိုင်ငံသားတစ်ဦးဆိုပါလျှင် ၎င်း၏ နိုင်ငံသားဖြစ်တည်မှုအရည်အချင်းအရ ရသင့်ရထိုက်သည့် ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင် မဲပေးကာ ဒီမိုကရေစီနိုင်ငံအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ရမည်ဖြစ်သည်။

မိမိနိုင်ငံတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မှတ်ပုံတင်) ကဲ့သို့ နိုင်ငံသားအထောက်အထား တစ်ခုခုရှိနေပါက မိမိကြိုက်နှစ်သက်သည့် လွှတ်တော်ကိုယ်စားလှယ်ကို မဲပေးကာ နိုင်ငံ၏အုပ်ချုပ်ရေးပိုင်းတွင် ဆောင်ရွက်မည့်သူကို ရွေးချယ်ပေးနိုင်သကဲ့သို့ နိုင်ငံအတွက် မိမိကိုယ်တိုင် အားကြိုးမာန်တက် စွမ်းဆောင်နိုင်ရေးအတွက် ကိုယ်တိုင်ရွေးကောက်ပွဲဝင်ကာ ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ရေးမှာ မှတ်ပုံတင်ကတ်ပြားရှိမှ ဖြစ်ပေမည်။ မှတ်ပုံတင်မရှိပါက နိုင်ငံအကျိုးအတွက် မည်သို့ပင်စိတ်ဆန္ဒပြင်းပြစွာရှိနေစေကာမူ အချည်းနှီးသာ။ မှတ်ပုံတင်မရှိပါက အလိုလိုနိုင်ငံမဲ့ဖြစ်နေသည်။ မော်တော်ယာဉ်များ မှတ်ပုံတင်နံပါတ်ပြားမရှိလျှင် လိုင်စင်မဲ့ဖြစ်ပြီး အများက **“Without ကား”** ဟု ခေါ်သကဲ့သို့ မှတ်ပုံတင်မရှိသူအတွက် **“ Without လူ”** ဖြစ်နေပြီ။

**စာမျက်နှာ ၁၇ သို့** ◆

**ရရှိပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်း ပျောက်ပျက်ဆုံးရှုံးမှု မရှိစေရေး ဂရုပြုကိုင်တွယ်ထိန်းသိမ်းကြရန်လည်းလိုပါသည်။ ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ စေတနာမေတ္တာအရင်းခံဖြင့် စီမံပေးမှု၊ လဝကဝန်ထမ်းများနှင့် ဌာနပေါင်းစုံမှတာဝန်ရှိသူများ၏ အပင်ပန်းခံကွင်းဆင်းဆောင်ရွက်ပေးမှုများကို အသိအမှတ်ပြုမုဒိတာပွားရင်း အသွေးအရောင်စုံစုံ မွှေးရနံ့သင်းထုံကာ ပန်းပေါင်းစုံ ပွင့်ဖူးဝေဆာနေသည့်ပန်းခင်းဆီသို့ လှမ်းခဲ့ဖို့သာ မုဒိတာစိတ်ထားဖြင့် ဖိတ်ခေါ်**

# ကျုံ့ပျော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ပစ္စည်းများ လှူဒါန်း

**ကျုံ့ပျော် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့ညနေ ၃ နာရီက ကျုံ့ပျော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ပစ္စည်းများ လှူဒါန်းပြီး အောက်ဆီဂျင်စက်ရုံတည်ဆောက်မည့် နေရာသို့ သွားရောက်ကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြို့နယ်ပြည်သူ့ဆေးရုံ ရှင်းလင်းဆောင်၌ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် အိမ်သုံး အောက်ဆီဂျင်စက် နှစ်လုံး၊ ငွေကျပ်ငါးသိန်း၊ လေကာ၊ ရေကာမျက်မှန်အလက် ၅၀၊ စားသောက်ကုန်နှင့် ဆေးဝါးများ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၅၀၊ နှာခေါင်းစည်းအခု ၂၅၀၀၊ ခေါက်ဆွဲခြောက်ထုပ်၊ ဘီစကစ်နှင့် ကြက်ဥများ ပေးအပ်လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် အောင်ဆန်းရပ်ကွက်ရှိအောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့်နေရာသို့ သွားရောက်ကြည့်ရှုကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





# ဟားခါးမြို့၌ အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**ဟားခါး ဩဂုတ် ၁၆**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယခု ဆောက်လုပ်သည့် အောက်ဆီဂျင်စက်ရုံသည် (၃၀x ၆၀x၁၅) ပေရှိ Steel Structure အဆောက်အအုံအမျိုးအစားဖြစ်ပြီး စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ရာ ဟားခါးမြို့၏ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် ဖလမ်းမြို့နှင့် ထန်တလန်မြို့တို့မှ အောက်ဆီဂျင် လိုအပ်သူများ လာရောက် ဖြည့်တင်းနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံအတွက် တပ်မတော်မှ လှူဒါန်းသည့် တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၄ လုံး ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်ထုတ်စက် စမ်းသပ်လည်ပတ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့နယ်၌ မိုးကောင်းသောက်စပါးများ စတင်စိုက်ပျိုး

**ကျောက်ပန်းတောင်း ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်တွင် ရာသီဥတုကောင်းမွန်ခြင်းနှင့်အတူ မိုးကောင်းသောက်စပါး(မိုးစပါး) များ စတင်စိုက်ပျိုး နေကြပြီဖြစ်ကြောင်း ကန်ပတ်လည်အုပ်စု လဲဂွ ကျေးရွာ မိုးကောင်းသောက်စပါး စိုက်ပျိုးတောင်သူ ဦးလှငွေထံမှ သိရသည်။

မိုးကောင်းသောက်စပါး အခေါ်အဝေါ်အား ကျောက်ပန်းတောင်းမြို့နယ်တွင် ရွာသွန်းမိုးရေ တိုက်ရိုက်ကျရောက်ခြင်းနှင့် မိုးရွာသွန်းမှုမှ စပါး စိုက်ခင်းများအတွင်း ရေမြောင်းသွယ်ယူကာ ရေဝင်စေခြင်းအား မိုးကောင်းသောက်စပါး စိုက်ပျိုးခြင်း ခေါ်ဆိုကြောင်း စပါးစိုက်ပျိုးတောင်သူ ဦးလှငွေက ရှင်းပြသည်။

မိုးကောင်းစပါး စိုက်ပျိုးတောင်သူများသည် မိုးစပါးစိုက်ပျိုးပြီးလျှင် စပါးအထွက်နှုန်းကောင်း မွန်ခြင်းကြောင့် မိုးကောင်းစပါးစိုက်ပျိုးမှုများပြားကာ မနော်သုခ၊ ရာငါး၊ စီသွယ်ရင်၊ ဧရာမင်းစပါးမျိုး ပျိုးထောင်စိုက်ပျိုးကြပြီး တစ်တင်းခွဲစပါးပျိုးအိတ် တစ်အိပ်လျှင် ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ ပေးဝယ်ရ ကြောင်း သိရသည်။

ပုလဲသွယ်မျိုးစပါးများလည်း ယခုနှစ်တွင် ဝယ်ယူစမ်းသပ်စိုက်ပျိုးနေပြီဖြစ်ကာ တစ်ပြည် လျှင် ကျပ် ၇၀၀၀ ပေးဝယ်ရကြောင်း ပုလဲသွယ် စပါးမျိုးစိုက်ပျိုးသူ လဲဂွကျေးရွာမှ ဦးမောင်ပိုက်က ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်း သောက် စပါးအထွက်နှုန်းကောင်းကြပြီး တစ်ဧကလျှင် တင်း ၉၀ မှ တင်း ၁၂၀ ထိ ထွက်ရှိကြောင်း၊ မိုးလေဝသ မှန်ကန်သည့်နှစ်များတွင် မိုးစပါးများ စောစော စိုက်ပျိုးလေ့ရှိပြီး မိုးရွာသွန်းမှု နောက်ကျလျှင် မြေအောက်ရေသွင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။ **ကိုထိန်(KPD)**



# မိုင်းယုမြို့၌ နှစ်ရှည်ရော်ဘာအစေးခြစ် လုပ်ငန်းဖြင့် နှစ်စဉ် ဝင်ငွေတိုးပွား

**မိုင်းယု ဩဂုတ် ၁၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် နယ်စပ်ဒေသ မိုင်းယုမြို့ရှိ ဒေသခံတောင်သူများ နှစ်ရှည် ရော်ဘာများစိုက်ပျိုးထားပြီး အစေးခြစ်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရောင်းချလျက်ရှိရာ မိသားစုအတွက် နှစ်စဉ် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေတိုးပွားလျက်ရှိသည်။

မိုင်းယုမြို့တွင် တောတောင်ရေမြေအရ ကောင်းမွန်လျက်ရှိ၍ လယ်နှင့် နှစ်ရှည်ရော်ဘာပင်များကို အဓိက အားထားစိုက်ပျိုးပြီး လယ်များတွင် စပါးစိုက်ပျိုးထားပြီဖြစ်၍ ယခုအခါ မိမိတို့၏ နှစ်ရှည်ရော်ဘာခြံများအတွင်း ဝင်ရောက်ပြီး ရော်ဘာအစေးခြစ်ခြင်းလုပ်ငန်းကို တစ်ဖန်ပြန်လည်လုပ်ကိုင်ကာ ရရှိလာသည့် ရော်ဘာအစေးအစိုများကို ဒေသတွင်းကုန်သည်များထံ ပြန်လည်ရောင်းချနေကြကြောင်း၊ ရော်ဘာအစေးခြစ်ခြင်းလုပ်ငန်းကို ဧပြီလ တတိယပတ်မှ နိုဝင်ဘာလအထိ လုပ်ကိုင်လျက်ရှိပြီး ကျန်လများတွင် ရော်ဘာခြံအတွင်း ပေါင်းရှင်းပေးခြင်း၊ မြေသြဇာကျွေးခြင်းလုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိကြောင်း၊ မိုင်းယုတွင် နှစ်ရှည်ရော်ဘာပင်များ ဧကများစွာ စိုက်ပျိုးထားကြောင်း ရော်ဘာစိုက်ပျိုးသူထံမှ သိရသည်။

ရရှိလာသည့် ရော်ဘာအစိုနှင့် အစိမ်းပြားများကို တောင်သူအချို့သည် ဒေသတွင်းရှိ ကုန်သည်များထံနှင့် အသေးစား ရော်ဘာပြားထုတ်လုပ်သည့်စက်ရုံသို့ ရောင်းချသော်လည်း အများစုအနေဖြင့် တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ရောင်းချကြောင်း၊ ယခုလတ်တလော တွင် ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်သည့် မိုင်းယု-ကျိန်းယဲန်း တံတားကို ယာယီပိတ်ထားသဖြင့် ဒေသခံတောင်သူများ အနေဖြင့် ဒေသတွင်းရှိကုန်သည်များထံနှင့် အသေးစား ရော်ဘာပြားထုတ်လုပ်သည့် စက်ရုံတို့တွင်သာ ရောင်းချလျက်ရှိကြောင်း၊ လက်ရှိရော်ဘာစေးအစို တစ်ကီလိုလျှင် ငွေကျပ် ၁၀၀၀ ထိရရှိပြီး ကြိတ်ပြီးရော်ဘာအစိမ်းပြား တစ်ကီလိုလျှင် ကျပ် ၁၃၀၀ မှ ၁၅၀၀ ကြား ပေါက်ဈေးရှိကြောင်း အသေးစားရော်ဘာပြားထုတ်လုပ်စက်ရုံပိုင်ရှင် တစ်ဦးက ပြောကြားသည်။ **ကိုကိုနိုင်(မိုင်းယု)**

# ကျောက်ထုမြို့၌ နဂါးမောက်ပင်များ အောင်မြင်ဖြစ်ထွန်း

**ကျောက်ထု ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့၌ ဥယျာဉ်ခြံမြေတွင် နဂါးမောက်ပင်များ တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။



"နှစ်ရှည်ခံ ကျွန်းတိုင်၊ ရှားတိုင်၊ ကွန်ကရစ်တိုင်များနဲ့ နဂါးမောက်ပင်ကို စိုက်ပါတယ်။ တစ်ပင်နဲ့ တစ်ပင် လေးပေခြားစိုက်ပါတယ်။ သဘာဝမြေဆွေး၊ နွားချေးစတဲ့ သဘာဝမြေသြဇာကို အသုံးပြုပါတယ်။ သဲနုန်းများ ရောစပ်ပြုပြင်ထားတဲ့မြေမှာ နဂါးမောက်ပင်အကိုင်းတွေကို စိုက်ပျိုးပြီး အမြစ်တွေ ပိုးမထိုးစေရန် မြေတွင်းပိုးသတ်ဆေး ထည့်ပေးရပါတယ်။ သီးပွင့်ချိန်မှာတော့ နှမ်းဖတ်ပုပ်ရည် ထည့်ပေးရပါတယ်" ဟု စိုက်ပျိုးသူတစ်ဦးက ပြောကြားသည်။

ယင်းနဂါးမောက်ပင်များသည် အပင်ကြီးထွားစေရန် အစိုဓာတ် ကြိုက်နှစ်သက်သည့်အတွက် ရေကို လိုအပ်သလိုအသုံးပြု၍ ရေသွင်းရေထုတ် ပြုလုပ်ပေးရကြောင်း သိရသည်။

နဂါးမောက်ပင်များ စိုက်ပျိုးပြီး တစ်နှစ်အကြာတွင် အသီးများရရှိပြီး အသီးမှာ အဖြူသီးနှင့် အနီသီးဟူ၍ နှစ်မျိုးရှိရာ အနီသီးမှာ ဆေးဖက်ဝင်ပြီး သွေးတိုး၊ ဆီးချိုရောဂါတို့ကိုပျောက်ကင်းကြောင်း လေ့လာသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် အသီးများကို အကြီး၊ အသေးပေါ်မူတည်၍ အရွယ်အစားလိုက် တစ်လုံးလျှင် ကျပ် ၃၀၀ မှ ၅၀၀ အတွင်း ရောင်းချကြကြောင်း သိရသည်။ **စိန်ကျော်**



## ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် အာဟာရဖြည့်ကြက်ဥများ ပေးအပ်

**ဘားအံ ဩဂုတ် ၁၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်းရှိ ဆန်စက်လုပ်ငန်းကို ကြည့်ရှုပြီး တိုင်းရင်းဆေးရုံ၊ ဘားအံနည်းပညာတက္ကသိုလ် ကန့်သတ်စောင့်ကြည့်ရေးစခန်းများ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ငွေနှင့် အာဟာရဖြည့်ကြည်ဥများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်နယ်တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဘားအံမြို့ နောင်ထလုံးကျေးရွာရှိ ပုဂ္ဂလိကပိုင် အနန္တဂုဏ် တန် ၆၀ ဆန်စက်အား သွားရောက်ကြည့်ရှုရာ ဆန်စက်ပိုင်ရှင်က စပါးဝယ်ယူရရှိမှုအခြေအနေ၊ ကြိတ်ခွဲမှုအခြေအနေ၊ ထွက်ရှိသည့်ဆန်များအား ပြန်လည်ဖြန့်ဖြူးရောင်းချမှု အခြေအနေများနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ တိုင်းရင်းဆေးရုံ ကန့်သတ်စောင့်ကြည့်ရေးစခန်းနှင့် ဘားအံနည်းပညာတက္ကသိုလ် ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ သွားရောက်ကာ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ချီးမြှင့်ငွေ နှင့် အာဟာရဖြည့် ကြက်ဥများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း




## "ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး" ခေါင်းစဉ်နှင့် "ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ" ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက် လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများ အသိပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျမှတ်တမ်းတင်နိုင်ရေးအတွက် လည်းကောင်း **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်နှင့် **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့် ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား(၂)မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့်ပြိုင်ပွဲကို **"ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများစသည့် အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မအရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့် မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ကြရမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လှိုင်းဘွဲမြို့နယ်အတွင်း ကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**လှိုင်းဘွဲ ဩဂုတ် ၁၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၉၀ ဒသမ ၈၄၂ သန်းဖြင့် ဆောင်ရွက်ခဲ့သည့် ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူဒေသ သစ္စာအေးမြိုင်ကျေးရွာအတွင်း ကတ္တရာလမ်း ပေ ၆၀၀၀ ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လှိုင်းဘွဲမြို့နယ် မြိုင်ကြီးငူဒေသ သစ္စာအေးမြိုင်ကျေးရွာ ကတ္တရာလမ်း ပေ ၆၀၀၀ ခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် မြိုင်ကြီးငူဒေသအတွင်း ကျေးရွာ ၁၄ ရွာ၊ အိမ်ခြေ ၄၂၄၆ အိမ်၊ လူဦးရေ ၂၆၂၃၅ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်စပ်နေသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ငွေကြယ်**

# ဩဂုတ် ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၇၀၆ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၅-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၆-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်းဓာတ်ခွဲနမူနာ စုစုပေါင်း(၁၁,၂၄၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂,၇၀၆) ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၃၅၈,၂၁၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၃၅၆,၉၈၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄,၂၈၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၂၇၅,၅၁၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁၈၂)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၃,၄၄၅) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၆-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၂၉)ခု | (၁၅၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၇)ခု | (၂၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆၀)ခု | (၄၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄)ခု | (၂၆)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၁၃) ခု | (၄) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅၄) ခု | (၃၂) ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၃၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၂၉)ခု | (၆၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၀၁)ခု | (၄၇၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၈၄၀)ခု | (၁,၈၈၄)ဦး |
| **စုစုပေါင်း** | (၁၁,၂၄၇)ခု | (၂,၇၀၆)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၄၆၆၇၁၈ | ၃၀၁၅၃၅၇၆ | ၆၃၇၅၆၁ |
| ၂။ | အိန္ဒိယ | ၃၂၂၅၅၁၃ | ၃၁၄၁၁၉၂၄ | ၄၃၁၆၇၄ |
| ၃။ | ဘရာဇီး | ၂၀၃၆၄၀၉၉ | ၁၉၂၁၈၆၃၀ | ၅၆၉၂၁၈ |
| ၄။ | ရုရှား | ၆၆၂၁၆၀၁ | ၅၈၉၉၉၁၇ | ၁၇၁၃၀၅ |
| ၅။ | ပြင်သစ် | ၆၄၇၁၀၃၅ | ၅၈၈၆၅၈၈ | ၁၁၂၆၅၆ |
| ၆။ | ဗြိတိန် | ၆၂၆၇၄၃၇ | ၄၈၂၄၉၁၅ | ၁၃၀၉၅၃ |
| ၇။ | တူရကီ | ၆၀၇၈၆၅၃ | ၅၆၀၅၀၀၄ | ၅၃၁၅၉ |
| ၈။ | အာဂျင်တီးနား | ၅၀၈၄၆၃၅ | ၄၇၄၆၉၉၄ | ၁၀၉၀၄၁ |
| ၉။ | ကိုလံဘီယာ | ၄၈၆၇၉၆၁ | ၄၆၉၀၈၅၅ | ၁၂၃၄၅၉ |
| ၁၀။ | စပိန် | ၄၆၉၃၅၄၀ | ၃၈၈၈၇၁၇ | ၈၂၄၇၀ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၈၇၁၇၃၈ | ၃၃၈၁၈၈၄ | ၁၁၈၈၃၃ |
| ၂။ | ဖိလစ်ပိုင် | ၁၇၅၅၈၄၆ | ၁၆၁၈၈၀၈ | ၃၀၃၆၆ |
| ၃။ | မလေးရှား | ၁၄၂၄၆၃၉ | ၁၁၆၂၅၇၈ | ၁၂၇၈၄ |
| ၄။ | ထိုင်း | ၉၂၈၃၁၄ | ၇၀၉၆၄၆ | ၇၇၃၄ |
| ၅။ | မြန်မာ | ၃၅၆၉၈၅ | ၂၇၅၅၁၆ | ၁၃၄၄၅ |
| ၆။ | ဗီယက်နမ် | ၂၇၅၀၄၄ | ၁၀၂၅၀၄ | ၅၇၇၄ |
| ၇။ | ကမ္ဘောဒီးယား | ၈၆၀၄၁ | ၈၁၂၀၂ | ၁၇၀၄ |
| ၈။ | စင်ကာပူ | ၆၆၂၂၅ | ၆၄၇၉၂ | ၄၄ |
| ၉။ | လာအို | ၁၀၄၄၁ | ၄၂၄၀ | ၉ |
| ၁၀။ | ဘရူနိုင်း | ၇၈၇ | ၃၃၃ | ၃ |

## လယ်ဝေးမြို့နယ် အင်တောသာ သဘာဝရေလျှံကွင်းအတွင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်း မျိုးစိုက်ထည့်

**နေပြည်တော် ဩဂုတ် ၁၆**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် သဘာဝမြစ်ဖျား ချောင်းဖျားများနှင့် ဆက်စပ်လျက်ရှိသော သဘာဝ ရေပြင်များ၊ ဆည်တမံကန်များအတွင်း ငါးသယံဇာတ များ တိုးပွားလာစေခြင်းဖြင့် ကျေးလက်နေပြည်သူ များ ငါးရိက္ခာ ပိုမိုရရှိစားသုံးနိုင်ရေးအတွက် နှစ်လက်မ အရွယ် ငါးသားပေါက်များ မျိုးစိုက်ထည့်လျက်ရှိ သည်။

ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက နေပြည်တော် တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါ်ညိုညိုအေး ဦးဆောင်၍ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဇော်လင်းမြင့်၊ ရေဆင်းငါးစခန်း တာဝန်ခံ ဦးစိုးပိုင်၊ ဒက္ခိဏခရိုင်တာဝန်ခံ ဦးထွန်းနွယ်ဦး၊ လယ်ဝေး မြို့နယ်ဦးစီးဌာနမှူး၊ ဒက္ခိဏသီရိမြို့နယ်ဦးစီးဌာနမှူး နှင့် ဝန်ထမ်းများက လယ်ဝေးမြို့နယ် အင်တောသာ သဘာဝရေလျှံကွင်းအတွင်း ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ခြောက်သိန်းအား မျိုးစိုက် ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမား ၇၆ ဦး တောင်ကြီးမြို့မှ နေရပ်ဒေသအသီးသီးသို့ ပြန်လည် ဆက်လက်ထွက်ခွာ



**တောင်ကြီး ဩဂုတ် ၁၆**

လာအိုနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ပြီး နေရပ်ဒေသအသီးသီးသို့ ပြန်ရောက်လာကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် ရှမ်းပြည်နယ် တောင်ပိုင်း တောင်ကြီးမြို့နယ်သို့ပြန်ရန် ဩဂုတ် ၁၆ ရက် နံနက် ၅ နာရီခွဲတွင် တောင်ကြီးမြို့ သစ်တောရပ်ကွက် ပြည်ထောင်စုလမ်းရှိ တောင်ကြီး စီးပွားရေးဇုန် ကားကြီးကွင်းသို့ရောက်ရှိခဲ့ကြောင်း သိရသည်။

ရောက်ရှိလာသော နေရပ်ပြန်မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၃၉ ဦးနှင့် အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၇၆ ဦးကို တာဝန်ရှိသူများက သစ်တောရပ်ကွက် ပြည်ထောင်စုလမ်းရှိ တောင်ကြီးစီးပွားရေးဇုန် ကားကြီးကွင်း မြို့အဝင်စစ်ဆေးရေးဂိတ်၌ ကြိုဆိုခဲ့ကြသည်။

တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ ရှမ်းပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များက ကြိုဆိုခဲ့ကြပြီး လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်း၊ အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ပြီး ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ ဆက်လက်ထွက်ခွာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရာတွင် တောင်ကြီးခရိုင်အတွင်းရှိ ရပ်စောက်မြို့မှ ရွှေ့ပြောင်းအလုပ်သမားများကို ယာဉ်ငယ်လိုင်းတစ်စီးဖြင့် လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် နေထိုင်သူများကို နေရပ်ဒေသအသီးသီးသို့ ဒို့ညီနောင်ခရီးသည်တင်မော်တော်ယာဉ် လိုင်းကားနှစ်စီးဖြင့် တောင်ကြီးမြို့မှ ဆက်လက်ထွက်ခွာနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**



# ကနီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယနေ့ ဆက်လက်ထိုးနှံပေး

**ကနီ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်၌ ရပ်ကွက် ကျေးရွာများရှိ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် ဦးစားပေးအဆင့်အလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီမှ စ၍ ပြည်သူ့ဆေးရုံ(ကျန်းမာရေးဌာန အစည်းအဝေးခန်းမ)၌ ထိုးနှံပေးလျက်ရှိသည်။

ကနီမြို့နယ်အနေဖြင့် ကာကွယ်ဆေး အလုံးရေ ၅၀၀၊ လူဦးရေ ၁၀၀၀ အတွက်ရရှိရာ ဩဂုတ် ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၆ ရက်တို့တွင် ထိုးနှံပေးခဲ့ပြီး အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ သံဃာတော်နှင့် ဘာသာရေးပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဈေးသည်များ စုစုပေါင်း ၂၂၄ ဦး ထိုးနှံပေးခဲ့ပြီး ကျန်သည့် ၇၇၆ ဦးကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဝင်းကြည်(ပြန်/ ဆက်)**

# မျိုးစေ့ထုတ်စံပြကွက်စိုက်ခင်းနှင့် စမ်းသပ်ကွက်များ ပီလောပီနံစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

**လေးမျက်နှာ ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၁ ခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော စပါးမျိုးစေ့ထုတ်စိုက်ခင်းများအား ယနေ့နံနက် ၉ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်နှင့် အဖွဲ့ဝင်(၁)ဗိုလ်မှူးရဲရင့်နောင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စာရေးကွင်းအုပ်စုကွင်းအမှတ်(၁၂၃) ဦးပိုင်အမှတ် (၂၆) တောင်သူဦးငွေအောင်၏လယ်မြေသုံးဧကတွင် စိုက်ပျိုးထားသော (R.S to C.S)မျိုးစေ့ထုတ် စံပြကွက်စိုက်ခင်း၊ စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်များနှင့် ပိန်းအင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၈၁)မှ (ရွှေးချိုကွင်း)၊ ဦးပိုင်(၁၁)ရှိ တောင်သူဦးစရွှေလွင်၏ ပီလောပီနံစိုက်ခင်း ငါးဧကအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး လေးမျက်နှာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းရွှေက စိုက်ပျိုးပုံ အဆင့်ဆင့်များအား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**



# ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ချေးငွေများထုတ်ချေး

**ကျောက်တံခါး ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော သံပုရာခုနစ်ကျေးရွာအုပ်စု ခင်ကန့်လန့်ကျေးရွာအား ဒုတိယအကြိမ် ရန်ပုံငွေထုတ်ချေးခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ ၄၅ ဦးအား ငွေကျပ် ၁၉၀၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ ၃၇ ဦးအား ငွေကျပ် ၇၀၀၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ ၁၈ ဦးအား ငွေကျပ် ၃၉၅၀၀၀၀ စုစုပေါင်း လူဦးရေ ၁၀၀ အတွက် ငွေကျပ်သိန်း ၃၀၀ ကို ဩဂုတ် ၁၆ ရက်တွင် ကိုဗစ် – ၁၉ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ထုတ်ချေးခဲ့ကြောင်း သိရသည်။



**ကြေးမုံ**

# တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းရှစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်က ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၈၀၆၈၄ ဦးနှင့် အတွင်းလူနာပေါင်း ၈၂၃၄၉ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၃၀၃၄ ဦး၊ အသေးစား ခွဲစိတ်ကုသရန်လိုအပ်သူ ၇၀၅၆ ဦး စုစုပေါင်း ၂၀၀၉၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့ပြင်ကလေးမီးဖွားလူနာ ၆၈၂၃ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၉၄၃၇ ဦးကို သာမန်ဖြင့် လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၆၂၆၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၁၆**
တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် လေးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၅၃၈ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၇ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၃၁၉၄ ဦးတို့ကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြို့နယ် သုံးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၃၃၄၆ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၂၁၈ ပါးအပါအဝင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူ စုစုပေါင်း ၁၀၇၉၆ ဦးတို့ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၅၆၈ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။


ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောက်ပန်းတောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဦးစားပေးအုပ်စုအလိုက် ဆက်လက်ထိုးနှံပေးလျက်ရှိ

**ကျောက်ပန်းတောင်း ဩဂုတ် ၁၆**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဦးစားပေးအုပ်စုအလိုက် ဆေးထိုးစုရပ် နှစ်ခုခွဲ၍ ထိုးနှံပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက်က ကာကွယ်ဆေးလာရောက်ထိုးနှံသူ စုစုပေါင်း ၁၁၉၈ ဦးရှိကြောင်း သိရသည်။

**စုရပ်နှစ်ခုခွဲ ဆောင်ရွက်**

ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပရဟိတအသင်းအဖွဲ့များပူးပေါင်း၍ ကာကွယ်ဆေးထိုးလုပ်ငန်းများကို စုရပ်နှစ်ခုခွဲ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ သံဃာတော်များနှင့် သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းမိသားစုဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ပုဂ္ဂလိကအလုပ်ရုံ၊ စက်ရုံများမှဝန်ထမ်းများ၊ ဟိုတယ်/မိုတယ်/တည်းခိုခန်းဝန်ထမ်းများ၊ စူပါမားကက်များမှ အရောင်းဝန်ထမ်းများနှင့် ဈေးသည်များ အစရှိသည့်ဦးစားပေးအုပ်စုဝင်ပြည်သူစုစုပေါင်း ၁၁၉၈ ဦးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်းသိရသည်။ အဆိုပါဆေးထိုးစုရပ်များသို့ ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် မြို့နယ်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# အောင်မြေသာစံမြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံဝန်ထမ်းများအား ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံပေး

**မန္တလေး ဩဂုတ် ၁၆**
မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် ဦးတည်အုပ်စုများနှင့် ဦးစားပေးအစီအစဉ်များအလိုက် ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် အောင်မြေသာစံမြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံဝန်ထမ်းများအား စုရပ်နေရာများခွဲ၍ ကာကွယ်ဆေးထိုးနှံပေးသည်။

**ဆက်လက်ထိုးနှံပေး**

နံနက်ပိုင်းမှစတင်၍ အောင်မြေသာစံမြို့နယ်အတွင်းရှိ ဆေးထိုးစုရပ်နေရာများဖြစ်သော ဒေါနဘွားရပ်ကွက်ရှိ မှန်တိုင်ဓမ္မာရုံ၌ လူဦးရေ ၁၀၀ ခန့်ကိုလည်းကောင်း၊ အမရဌာနီအရှေ့ရပ်ကွက်ရှိ ဒေါ်ဖီဓမ္မာရုံ၌ လူဦးရေ ၁၂၂ ဦးခန့်ကိုလည်းကောင်း၊ ပြည်ကြီးရန်လုံရပ်ကွက်ရှိ ကိုးခန်းကြီးဓမ္မာရုံ၌ လူဦးရေ ၈၂ ဦးခန့်ကိုလည်းကောင်း၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်ရှိ ရွှေကျီးနားဓမ္မာရုံ၌ လူဦးရေ ၇၀ ကို လည်းကောင်း၊ ၁၂ လမ်းနှင့် ၇၇ လမ်းထောင့်ရှိ ထားဝယ်ဓမ္မာရုံ၌ လူဦးရေ၁၇၆ ဦးခန့်ကိုလည်းကောင်း ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် – ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးကြသည်။

ကာကွယ်ဆေးများထိုးနှံပေးမှုနှင့်ပတ်သက်၍ အမရဌာနီအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှ ဦးသန်းဦးက “ကျွန်တော်တို့ရပ်ကွက်မှာ ကာကွယ်ဆေးထိုးနှံပေးနေတာ ၁၀ ရက်လောက်ရှိပြီ။ တစ်ရက်ကို လူဦးရေ ၆၀ လောက် ထိုးနှံပေးပါတယ်။ အခုဆိုလူဦးရေ ၁၀၀၀ ကျော်လောက်ရှိပြီ။ ကိုဗစ် – ၁၉ ရောဂါပျံ့နှံ့မှု မြန်ဆန်လာတဲ့အတွက် ဆေးလာထိုးသူတွေများပါတယ်။ ဆေးလာရောက်မထိုးနှံနိုင်တဲ့ အဘိုး၊ အဘွားတွေအတွက် စေတနာ့ဝန်ထမ်းတွေက ဆေးထိုးစုရပ်အထိ ကူညီခေါ်ဆောင်ပေးပါတယ်။ ဆေးမထိုးရသေးတဲ့သူတွေလည်း ဆေးလာရောက်ထိုးနှံပေးဖို့ ဖိတ်ခေါ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း အမြဲတမ်းလက်ဆေးကြပြီး လူစုလူဝေးနေရာကို မသွားကြဖို့လိုပါတယ်။ ရပ်ကွက်ရုံးအနေနဲ့လည်း အမြဲတမ်းနှိုးဆော်ပေးနေပါတယ်”ဟုပြောသည်။



ထို့ပြင် ကာကွယ်ဆေးလာရောက်ထိုးနှံသူ ဆပ်ပြာစက်ရုံမှ ဒေါ်ခင်သိန်းဦးကလည်း “ကိုဗစ် – ၁၉ ကာကွယ်ဆေးကိုထိုးချင်တာကြာပါပြီ။ အခုထိုးနှံခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ လာရောက်ထိုးနှံပေးတဲ့ ကျန်းမာရေးဝန်ထမ်းတွေနဲ့ တာဝန်ရှိသူတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကာကွယ်ဆေးထိုးနှံပြီးတော့ ကိုယ့်ကိုယ်ကိုယ် လုံခြုံမှုရှိသွားပြီလို့ ခံစားလိုက်ရတယ်။ ပြည်သူတွေအနေနဲ့လည်း ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ယုံယုံကြည်ကြည်နဲ့ လာရောက်ထိုးနှံကြဖို့ ဖိတ်ခေါ်လိုပါတယ်”ဟု ပြောသည်။

ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

**မောင်အေးချမ်း**

# ကလေးမြို့၌ သံဃာတော်များနှင့် အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



**ကလေး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ထေရ်ကြီးဝါကြီး ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာလေးများ၊ ခရစ်ယာန်အသင်းတော်များမှ သင်းအုပ်ဆရာ ဆရာမများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ လူမှုကူညီရေးအသင်းများမှ စေတနာ့ဝန်ထမ်းများနှင့် စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများကို သတ်မှတ်စုရပ်နေရာများ၌ ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ပူးပေါင်းကူညီ**

ကာကွယ်ဆေးထိုးနှံပေးရာ စုရပ်နေရာ အသီးသီးသို့ ကလေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှစိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ တာဝန်ရှိသူများနှင့် လူမှုကူညီရေးပရဟိတအသင်းတို့က ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စုရပ်သတ်မှတ်နေရာများ၌ ကာကွယ်ဆေးထိုးနှံရာတွင် ဘာသာရေးအဖွဲ့အစည်းများ၊ ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာလေးများ စုစုပေါင်း ၂၂၂ ပါး၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၂၈၄ ဦး၊ ပရဟိတအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်း ၇၅ ဦးနှင့် ပုဂ္ဂလိကစက်ရုံ အလုပ်ရုံဝန်ထမ်း ၆၄ ဦး စုစုပေါင်း ၆၄၅ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ခဲ့သည်။

ယနေ့ထိုးနှံပေးသည့် ကာကွယ်ဆေးသည် တရုတ်နိုင်ငံထုတ် Sinopharm ဖြစ်ပြီး ကလေးမြို့နယ်အတွက် ဆေးအလုံးရေ ၃၀၀၀ ရရှိခဲ့ရာ ဆေးတစ်လုံးလျှင် လူနှစ်ဦးနှုန်းဖြင့် လူဦးရေ ၆၀၀၀ ကို သတ်မှတ်ဦးစားပေးအစီအစဉ်များဖြင့် ယနေ့မှစတင်၍ ဩဂုတ် ၁၈ ရက်အထိ မဟာစည်သာသနာ့ရိပ်သာ၊ မြို့နယ်စုပေါင်းရုံး (OSS)၊ မြို့တော်ခန်းမနှင့် အခြေခံပညာ အထက်တန်းကျောင်းအမှတ်(၂) တို့တွင် ထိုးနှံပေးမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**

# ဝိုင်းမော်မြို့နယ် ကျေးရွာများရှိပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံ

**ဝိုင်းမော် ဩဂုတ် ၁၆**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများနှင့် ပြည်သူများအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီတွင် မိုင်းနားကျေးရွာ ဓမ္မရက္ခိတကျောင်းဓမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မိုင်းနားကျေးရွာရှိ အသက် ၆၅ နှစ်နှင့် အထက် ပြည်သူများ၊ လူမှုရေးပရဟိတအသင်း အဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ စက်ရုံ/အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းဝန်ထမ်းများ၊ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးဝန်ထမ်းများကို ကာကွယ်ဆေး ထိုးနှံပေးကြောင်း သိရသည်။ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ကွင်းဆင်းထိုးနှံခြင်း ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီးဒေါက်တာသိန်းမြို့က ကြီးကြပ်၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကျန်းမာရေးလမ်းညွှန်မှာကြားချက်များနှင့်အညီ ကျန်းမာရေးစစ်ဆေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ စနစ်တကျ မှတ်တမ်းရေးသွင်းခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ဝိုင်းမော်မြို့နယ်၌ ယမန်နေ့အထိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအများဆုံးမှာ ရပ်ကွက် (၁)၊ (၂) နှင့် မိုင်းနားကျေးရွာတို့ဖြစ်ပြီး ကိုဗစ်- ၁၉ ရောဂါ တတိယလှိုင်းတွင် ကိုဗစ်အတည်ပြုလူနာပေါင်း ၇၅၂ ဦး၊ ဆေးကုသ၍ ပြန်လည်ကောင်းမွန်ပြီး ဆေးရုံမှဆင်းသူ ၅၂၅ ဦး၊ သေဆုံးသူ ၂၄ ဦးရှိပြီဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနရုံးမှ သိရသည်။

**ဝိုင်းမော်(ပြန်/ဆက်)**





# သံတွဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အသိပညာပေး

**သံတွဲ ဩဂုတ် ၁၆**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် အသံချဲ့စက်ဖြင့် နှိုးဆော်အသိပညာပေးခြင်းလုပ်ငန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းကာ ယနေ့ညနေ ၄ နာရီခွဲမှစ၍ မြို့အတွင်းလှည့်လည် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ရာတွင် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်စေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် မိမိတို့အိမ်အတွင်း၌သာ နေထိုင်ကြရန်၊ မလိုအပ်ဘဲ အပြင်သို့လုံးဝ မထွက်ကြရန်၊ မဖြစ်မနေထွက်ရပါက နှာခေါင်းစည်းများတပ်ဆင်ပြီးမှ သွားလာကြရန်၊ မိမိတို့၏ လက်များအား စနစ်တကျ မကြာခဏ ဆေးကြောကြရန်၊ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ မသွားကြရန်၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

# ကျိုက်မရောမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**ကျိုက်မရော ဩဂုတ် ၁၆**

ကျိုက်မရောမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ တတိယလှိုင်း ကူးစက်မှုနှုန်း သိသိသာသာ ကျဆင်းလာပြီဖြစ်သော်လည်း အသိပညာပေး နှိုးဆော်ခြင်းများကို မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး ကော်မတီ အဖွဲ့များ ပူးပေါင်းကာ နေ့စဉ်လူအများ သွားလာလျက်ရှိသည့် လမ်းဆုံလမ်းခွများ၌ ယနေ့နံနက် ၉ နာရီမှ ၁၁ နာရီ အထိ ဆောင်ရွက်ကြသည်။

**နေ့စဉ်ဆောင်ရွက်**

ထိုသို့ ပညာပေးနှိုးဆော်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များအား ကျိုက်မရော မြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများသာမက ကျေးရွာနေပြည်သူများပါ လိုက်နာနေထိုင် သွားလာနိုင်စေရန်ကျေးရွာများသို့ သွားရောက်ပညာပေးနှိုးဆော်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက စပယ်ဂူတံတားထိပ် ကျေးရွာဖြစ်သည့် ကော့ပနော‌ကျေးရွာနှင့် တံတားကြီးပေါ်သို့ ဖြတ်သန်းသွားလာနေကြသည့် ခရီးသွားယာဉ်များ၊ ဆိုင်ကယ်များ၊ ဘေးတွဲယာဉ်များနှင့် ဈေးကားများပေါ် လိုက်ပါလာသူများအား နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာကြစေရန် လက်ကိုင်အသံချဲ့စက်များဖြင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် လိုက်လံနှိုးဆော်ခြင်းများ အရှိန်အဟုန်မြှင့်၍ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ



မူဆယ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာမှုကို တွေ့ရစဉ်။



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာသည့်ယာဉ်ကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ စဉ်ဆက်မပြတ် အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး အတွက် ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံး အောက်ဆီဂျင်စက် ၁၁၁၇ ခု၊ Test Kit အခု ၇၈၀၊ ဆိပ်ကမ်းများမှ အောက်ဆီဂျင် (အရည်) Storage Container တစ်ခုအပါအဝင် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ ထီးခီးကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ် နှစ်စီးဖြင့် ၃၆ တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် ကိုးတန်၊ အောက်ဆီဂျင် (အရည်) Storage Container တစ်ခု၊ အောက်ဆီဂျင်အိုး(အခွံ) ၅၆၁၄ ခု၊ ဆေးရုံသုံးအောက်ဆီဂျင် ဖြည့်စက် နှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၃၄၄ ခု၊ Test Kit အခု ၇၈၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၈၁၅၀ နှင့် နှာခေါင်းစည်း တန် ၇၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများကို ကုမ္ပဏီ ၂၀ မှ ယာဉ်အစီးရေ ၃၇ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်သည်။

**တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်**

ဩဂုတ်လအတွင်း ယာဉ်အစီးရေ ၈၇၂ စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်ဖြင့် ၇၉၈ တန်၊ အောက်ဆီဂျင်(အရည်)အိုးဖြင့် ၁၈၉ တန်၊ အောက်ဆီဂျင် (ဓာတ်ငွေ့) အိုးဖြင့် ၇၂ တန်၊ အောက်ဆီဂျင် (အရည်) Storage Container ရှစ်ခု၊ အောက်ဆီဂျင် (အရည်) Distributor ခြောက်ခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၀၆၉၀၅ ခု၊ အောက်ဆီဂျင်စက်ရုံ ၂၂ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် နှစ်ခု၊ အောက်ဆီဂျင် (Generator) ၁၀ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၇၃၉၀၄ ခု၊ Test Kit ၁၅၁၀၄၈ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၉၆၆၆၂ စုံ၊ လက်အိတ် ၈၂ တန်နှင့် နှာခေါင်းစည်း ၁၁၀၅ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဇူလိုင် ၁ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ပြည်ပမှတင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ် စုစုပေါင်း ၇၉ စီးမှာ ရန်ကုန်မြို့သို့ ၆၁ စီး၊ မန္တလေးမြို့သို့ ၁၁ စီး၊ မော်လမြိုင်မြို့သို့ လေးစီး၊ ပဲခူးမြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီးဖြစ်ကြောင်း သိရသည်။ အောက်ဆီဂျင်စက်ရုံ စုစုပေါင်း အခု ၃၀ မှာ လားရှိုးမြို့သို့ ငါးခု၊ ရန်ကုန်မြို့သို့ လေးခု၊ ပဲခူးမြို့သို့ လေးခု၊ မန္တလေးမြို့သို့ သုံးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့နှင့် မိုးကောင်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့်ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထား ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ရန်ကုန်မှ**

လက်ရှိအချိန်တွင် သင်္ဘောခရီးစဉ်ပြေးဆွဲမှု အနေဖြင့် ရုံးဖွင့်ရက်များတွင် အသွား ၂၈ ခေါက်၊ အပြန် ၂၈ ခေါက်၊ ရုံးပိတ်ရက်များတွင် အသွား အခေါက် ၂၀၊ အပြန်အခေါက် ၂၀ နှုန်းဖြင့် ပြေးဆွဲ ပေးလျက်ရှိကြောင်း၊ ခရီးသည်လိုက်ပါမှု လျော့နည်း သွားခြင်းကြောင့် ရေယာဉ်ခရီးစဉ်များကို ခရီးသည် သွားလာမှုအခြေအနေပေါ်မူတည်၍ အချိန်ပြောင်းလဲ သတ်မှတ်ပြီး ခရီးသည်များ အဆင်ပြေချောမွေ့စေရေး အတွက် ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ် ဌာနခွဲ)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်က ပြောသည်။

**ကူးသန်းသွားလာလျက်ရှိ**

အဆိုပါ သင်္ဘောဆိပ်ကမ်းသည် ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များမှ ခရီးသွားပြည်သူ များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ များစွာတို့ နေ့စဉ်နှင့်အမျှ စီးပွားရေးမြို့တော် ရန်ကုန်မြို့သို့ ကူးသန်းသွားလာလျက်ရှိသည့် သွားလာမှုများသော ဆိပ်ကမ်းတစ်ခုပင်ဖြစ်သည်။ မြစ်အတွင်း ခရီးသည်များ တင်ဆောင်၍ ချယ်ရီ သင်္ဘော သုံးစင်းဖြင့် အလှည့်ကျနေ့စဉ် ပြေးဆွဲပေး လျက်ရှိရာ ခရီးသည် စီးနင်းလိုက်ပါမှု နည်းပါးသွား ခြင်းကြောင့် ရေယာဉ်ခရီးစဉ်များကို အချိန်ပြောင်းလဲ သတ်မှတ်၍ ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။

**ပြောကြား**

"ရေယာဉ်ထွက်ချိန်အနေနဲ့က အစိုးရရုံးဖွင့်ရက် တွေမှာ မိနစ် ၂၀ တစ်ခေါက်၊ မိနစ် ၃၀ တစ်ခေါက် နှုန်းနဲ့ ပြေးဆွဲပေးတယ်၊ ရုံးပိတ်ရက်တွေမှာတော့ ကျွန်တော်တို့ မနက်ပိုင်းဆို မိနစ် ၃၀ တစ်ခေါက်နှုန်းနဲ့ စထွက်တယ်၊ နေ့လယ်ပိုင်း ၁၀ နာရီ နောက်ပိုင်းမှာ ခရီးသည် နည်းသွားတဲ့အတွက်ကြောင့် တစ်နာရီ တစ်ခေါက်နှုန်းနဲ့ ခရီးသည် ပြေးဆွဲပေးတယ်၊ ညနေ ၄ နာရီ နောက်ပိုင်းမှာ မိနစ် ၃၀ တစ်ခေါက်နှုန်းနဲ့ ရေယာဉ်အခေါက်ရေကို ဆက်လက်ပြေးဆွဲပြီး ပို့ဆောင်ပေးပါတယ်" ဟု ဒလသင်္ဘောဆိပ်ကမ်း မန်နေဂျာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့သင်္ဘော ဆိပ်ကမ်း၌ ခရီးသည်သွားလာမှုအနေဖြင့် ဩဂုတ် ၁ ရက်မှ ဩဂုတ် ၁၅ ရက်အထိ စုစုပေါင်းခရီးသည် ၂၉၀၁၀ ကူးသန်းသွားလာမှုရှိကြောင်း၊ တစ်ရက်လျှင် ပျမ်းမျှခရီးသည် ၁၉၀၀ ကျော်သာ သွားလာမှုရှိ ကြောင်း၊ ယခင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီကာလ များက နေ့စဉ်ခရီးသည် ၂၇၀၀၀ ကျော် ကူးသန်း သွားလာခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော်(IPRD)**

**❖ ဗီယက်နမ်မှ**

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို ယခုနှစ် အတွင်း ကျင်းပဖြစ်ပါက မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ၂၀၀၇ ခုနှစ်တွင် စတင်ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာအသင်းများသည် ပါဝင်သည့်အကြိမ်တိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် ဖူဆယ်အားကစားနည်းကို ၂၀၀၇၊ ၂၀၁၁၊ ၂၀၁၃ နှင့် ၂၀၁၇ ခုနှစ်တို့တွင် ထည့်သွင်းကျင်းပခဲ့ပြီး ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွင် ငါးကြိမ်မြောက် ပါဝင်မည်ဖြစ်သည်။ မြန်မာအမျိုးသားနှင့်အမျိုးသမီး အသင်းသည် ပါဝင်သည့် လေးကြိမ်စလုံး ယှဉ်ပြိုင် ခဲ့သော်လည်း မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်းသာ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲ တွင် ကြေးတံဆိပ်ရယူနိုင်ခဲ့သည်။

**ကိုညီလေး**

**❍ စပါးအသင်းမှ**

ပထမဆုံးနိုင်ပွဲ ရရှိခဲ့ခြင်းလည်း ဖြစ်ပြီး လက်ရှိ ပရီမီယာလိဂ် ချန်ပီယံမန်စီးတီးအသင်း အတွက်တော့ ရာသီအဖွင့်အရှုံးနဲ့ စတင် ဖွင့်လှစ်ခဲ့ရတာဖြစ်ပါတယ်။

**ရာသီအဖွင့်မှာ ရှုံးပွဲကြုံခဲ့ရ**

ယခုပွဲစဉ်မှာ မန်စီးတီးအသင်းဟာ ကီလိုဝေါ်ကာနဲ့ ဂွါန်စတုန်းတို့ ပါဝင်လာခြင်းမရှိခဲ့သလို ဒီဘရိုင်း၊ ဖင်ချန်ကိုနဲ့ ဂျီးဆပ်တို့ကိုလည်း မိနစ် ၇၀ နောက်ပိုင်းမှ လူစားဝင် ကစားစေခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် နည်းပြဂွါဒီယိုလာရဲ့ ယခုနှစ် အပြောင်းအရွှေ့အတွင်းမှာ စံချိန်တင် ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ နဲ့ ခေါ်ယူခဲ့တဲ့ ကွင်းလယ်ကစားသမား ဂျက်ဂရီ ယယ်လစ်ရှ်ဟာလည်း မန်စီးတီး အသင်း နိုင်ပွဲရရှိနိုင်မယ့် အခွင့်အရေးတွေ မဖန်တီးပေးနိုင်ခဲ့တာကြောင့် ရာသီအဖွင့်မှာ ရှုံးပွဲကြုံခဲ့ရတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ လာမယ့် ပရီမီယာလိဂ်ပွဲစဉ် (၂)အဖြစ် ဩဂုတ် ၂၁ ရက်(စနေနေ့)မှာ နော့ဝှစ်ချ်အသင်းနဲ့ ယှဉ်ပြိုင် ကစားရမှာဖြစ်ပြီး စပါးအသင်းကတော့ ပွဲစဉ်(၂)အဖြစ် ဩဂုတ် ၂၂ ရက်(တနင်္ဂနွေနေ့)မှာ ဝုလ်ဗက်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# လူ၏အစွမ်း

ပီမိုးနင်း

လူတစ်ကိုယ် ထင်တစ်လုံးဟူသော စကားသည် ကဲ့ရဲ့အပြစ်ဆိုသော စကားမဟုတ်၊ ထိုစကားသည် အားပေးသောစကားဖြစ်သည်။ လူ့ဘဝကို ရပါလျက် မိမိ၏သဏ္ဌာန်မှာ အထင်ကြီးဖွယ်ရာ အချက်တစ်ခုခုမှ မရှိချေက ထိုသူသည် အသုံးမဝင်သူ၊ လူ့ပြည်၌ လူပို၊ လူ့အလေ့၊ လူ့အမှိုက်၊ လူ့အနည်၊ လူနုန်းနှစ်သာ ဖြစ်ရချေမည်။ ဤကဲ့သို့သောလူ့ခွက်ကျန်ဟု ခေါ်အပ်သော Dregs of Humanity ဟူသောလူတို့သည် လောက၌ များစွာရှိကြလေသည်။

၎င်းတို့မှာ မိမိတို့၏သဏ္ဌာန်၌ အဘယ်အစွမ်း၊ အဘယ်အစို့၊ အဘယ်အညွှောက်ရှိသည်ဟူ၍ ဂရုမစိုက်၊ ရှိလျှင်လည်း ထိုအစွမ်းအစများကို အဘယ်သောအခါ၌ အဘယ်မျှလောက် ကြီးမားသန်စွမ်းစေမည်ဟူ၍လည်း စိတ်မကူး၊ လူသတ္တဝါတို့၏ အစုအဝေးအတွက် တစ်စုံတစ်ရာမျှလည်း အရာထင်အောင် မလုပ်နိုင်၊ လုပ်ဖို့လည်း ဂရုမစိုက်၊ စားကာ၊ အိပ်ကာ၊ သားမယားယူကာ၊ ကလေးမွေးကာ အသက်ဘေးလေးကို ရှောင်ကာမျှနှင့် ကိစ္စကုန်ကြလေသည်။

၎င်းအနက် အချို့လည်း နောင်နှစ်ခါ ချောင်လည်လိမ့်မည်။ ကြွေးကျေလိမ့်မည်။ အဘယ်ပစ္စည်းကိုပေါင်၍ အဘယ်မျှရလျှင် ငွေးကို ရှင်ပြုမည်ဟူသောရည်ရွယ်ချက်ကလေးမျိုးထက် တစ်စုံတစ်ရာပို၍မရှိ၊ အချို့လည်း မိမိတို့နှင့်တန်းတူဖြစ်သူများနှင့် ဂုဏ်တုဂုဏ်ပြိုင်လုပ်ရာ အနည်းငယ်ဝင့်ဝါ၍ပြနိုင်လျှင်တော်လှပြီဟုမှတ်ထင်၍နေကြလေသည်။

ထိုလူများသည် လူ့ဘဝကိုရခြင်း၏ အဖိုးအနဂ္ဃထိုက်တန်ခြင်းအကြောင်းကို ဆင်ခြင်စဉ်းစားမိသူများ မဟုတ်ကြချေ။ အဖိုးထိုက်တန်သောဘဝကိုရခြင်းအကြောင်းနှင့်ပတ်သက်၍ များစွာစဉ်းစားခြင်းမပြုက ကြီးပွားတိုးတက်အောင်မြင်ဖို့အရေးကို သတိပြုကြမည် မဟုတ်ပေ။ ငါ၏ဘဝသည် လွန်စွာအဖိုးတန်ပါကလား၊ "ကုန်းနေကိုးကုဋေ၊ ရေနေဆယ်ကုဋေ" ဟူသော စကားထက်အဆ ရာ၊ ထောင် ပိုမို၍မြင်နိုင်သောသတ္တဝါ၊ မမြင်နိုင်သောသတ္တဝါ၊ ဝမ်းခေါင်းတွင်း သတ္တဝါ၊ မွေးညင်းကြားက သတ္တဝါ၊ သစ်ခေါက်ကြားက သတ္တဝါ၊ မြေချပ်အောက် မြောက်မြားစွာကို အထဲ၌လည်း မပါ။ ဆိုးသွမ်းယုတ်မာ ကွန်တစ်ရာ ဆက်သမားတို့၏လက်ချက်ဖြင့်လည်း မပျက်မပြား။

ဤအဖိုးထိုက်တန်လှသော လူ့ပြည်ကြီးအတွင်းသို့ စွတ်မိ၍ရောက်လာပါတကား၊ ဤလူ့ပြည်သည် ဘဝအဆက်ဆက် တက်လမ်းအထုံကိုရအောင် ဖြည့်ကျင့်ဆည်းပူးနိုင်သော လမ်းအခွင့်တွေ လွန်စွာမှပေါ်များပါကလား၊ ကိုယ်တိုင်၏အကျိုးစီးပွား၊ အများ၏အကျိုးစီးပွားစသည်များအတွက် ဆောင်ရွက်နိုင်သည့်နည်းလမ်းများ လွန်စွာမှ များပါကလား၊ ထိုမွန်မြတ်သောဘဝသည်လည်း အမြဲမတည်၊ ငါသည် ဤဘဝသို့ ခဏကလေးရောက်၍ လာရ၏။ တစ်ခုခုကို ထိထိရောက်ရောက် ဖြစ်မြောက်အောင် မလုပ်ရသေးမီ ဤဘဝမှ တစ်ဖန်ပြန်၍ ထွက်ရချေက အချည်းအနှီးဖြစ်ပေတော့မည်။ ငါဘာကိုလုပ်ရပါမည်နည်း။ ငါသည် ဤလူ့ပြည်၌ အရာအမှတ်ထင်အောင် အဘယ်ပုံကြိုးစားရမည်နည်းဟူ၍ အမြဲပူပူပင်ပင် စဉ်းစားဆင်ခြင်သူမှန်က ဤဘဝတည်းဟူသော သဲသောင်ပြင်၌ အရာအကြောင်းထင်အောင် လုပ်နိုင်ရမည်သာတည်း။

ဘယ်နေရာမှာမဆို အရာရာနှင့် အကြောင်းကြောင်းချည်းပဲဟူသောစကားသည် စကားဆိုးမဟုတ်၊ စကားကောင်းဖြစ်လေသည်။ လောက၌ အရေးအကြောင်း၊ အရာမထင်သူများ များစွာရှိလေသည်။ အရာမထင်က အရာမဝင်၊ အရေးမရောက်က အကြောင်းမထင်၊ အရေးအရာရောက်အောင် ကြိုးစားရမည်။

လောက၌ များစွာသောသူတို့မှာကား Ambition ခေါ် ရည်ရွယ်မှန်းထားချက်ရှိ၏။ သို့သော်လည်း ထိုမှန်းထားချက်ကိုရောက်အောင် ထိထိရောက်ရောက် ယခုမကြိုးစား၊ တစ်နေ့သ၌ သက်သက်သာသာ ရောက်မှာလိုလိုနှင့် မိမိတို့ကိုယ်ကို လှည့်စား၍ နေကြလေသည်။ ထိုလူမျိုးကား ရာထူးလက်ခံရင် ငါတို့ ကျွန်တွင်းက လွတ်နိုင်သည်ဟု မှတ်ထင်ကာ လွတ်မြောက်ခြင်းကို အိပ်မက်မြင်၍နေသူများနှင့် တူကြလေသည်။

"အနာမခံက၊ အသာမစံရ" ဟူသောစကားကို မယုံကြည်ကြပေ။

အချို့မှာလည်း မိမိတို့ကိုယ်ကို ဘာလိုလို ညာလိုလို ထင်၍နေကြ၏။ သေးငယ်သောအစွမ်းအစလေးများနှင့်ကျေနပ်ကာ ထင်တစ်လုံးကဲ၍ နေကြလေသည်။ ထိုလူမျိုးတစ်ယောက် နှစ်ယောက်ကို တွေ့ဖူးလေသည်။

မြို့ငယ်တစ်ခု၌ ပုဆိုးတောင်ရှည်နှင့် သားနားနိုပ်ချင်သလဲဟုမေးရာ နှစ်အုပ်ဟု ပြောလေသည်။ နှစ်အုပ်မှာ ၎င်းကိုယ်တိုင်တစ်အုပ်၊ ၎င်းအား အင်္ဂလိပ်အရာရှိကြီးတစ်ယောက်အိမ်မှ တိတ်တဆိတ်ခိုး၍ပေးသော ၎င်း၏ကျေးဇူးရှင်အတွက် တစ်အုပ်ဖြစ်ကြောင်း ပြော၍ပြလေသည်။ ဘယ်အတွက် စာအုပ်များများ မနိုပ်ချင်သလဲဟုမေးရာ ပညာပွားကုန်မှာစိုးသည်ဟု ပြောလေသည်။ ထိုပညာမှာ အခြားမဟုတ်၊ ခံတမာအလုပ်ဖြစ်သော အချက်အပြုတ်အကြော်အလှော်အတတ်ဖြစ်လေသည်။

စိတ်သဘောကြီး၍ အကြံကြီးသူသည် အဘယ်မျှ သိမ်ငယ်သောအလုပ်ကိုလုပ်၍ နေရစေကာမူ ကြီးမြင့်ဖို့ကို ကြံ၍နေ၏။ ကြံသည့်အတိုင်းလည်း ကြီးမြင့်ကြလေသည်။ သို့ဖြစ်လေရာ အစေခံဘဝမှ သူဌေးကြီးအဖြစ်ကို ရောက်သူတွေ ရှိကြလေသည်။ ထိုမြန်မာစားတော်ကဲသည်ကား မိမိရရှိသောအလုပ်နှင့်ရောင့်ရဲကာ အထွတ်အထိပ်သို့ ရောက်၍နေပြီးဖြစ်လေရာ တိုး၍လွတ်ဖို့လမ်းမရှိတော့ပေ။

**စိတ်သဘောကြီး၍ အကြံကြီးသူသည် အဘယ်မျှသိမ်ငယ်သော အလုပ်ကိုလုပ်၍ နေရစေကာမူ ကြီးမြင့်ဖို့ကို ကြံ၍နေ၏။ ကြံသည့်အတိုင်းလည်း ကြီးမြင့်ကြလေသည်။ သို့ဖြစ်လေရာ အစေခံဘဝမှ သူဌေးကြီးအဖြစ်ကို ရောက်သူတွေ ရှိကြလေသည်။ ထိုမြန်မာစားတော်ကဲသည်ကား မိမိရရှိသောအလုပ်နှင့် ရောင့်ရဲကာ အထွတ်အထိပ်သို့ ရောက်၍နေပြီးဖြစ်လေရာ တိုး၍လွတ်ဖို့လမ်း မရှိတော့ပေ။**

စွာ ဝတ်ဆင်လျက် အခြားသူများနှင့် များစွာအရောမဝင် မိမိကိုယ်ကို အထင်ကြီးကာ ဘဝင်သီး၍နေသော လူတစ်ယောက်ကို တွေ့ရလေသည်။ ထိုသူမှာ အဘယ်ရောဂါစွဲသည်ကို စာရေးသူ စုံစမ်းသောအခါ ဘမ်းပရုတ်ဆီချက်သောအတတ်ကို မြို့ကြီးတစ်မြို့မှာ ငွေငါးဆယ်ပေး၍ သင်ကြားတတ်မြောက်ခဲ့သော ရောဂါဖြစ်ကြောင်း သိရလေသည်။ ထိုအခါသည်ကား တစ်နိုင်ငံလုံး လေမျိုးရှစ်ဆယ်နှင့် ဘမ်းပရုတ်ဆီရှူးရှူး၍နေသောခေတ် ဖြစ်လေသည်။

အခြားမြို့ကလေးတစ်မြို့မှာလည်း အလားတူလူတစ်ယောက်ကို တွေ့၏။ ထိုလူ၏ ရောဂါသည်လည်း ထိုရောဂါမျိုးပင် ဖြစ်လေသည်။ ခြားနားခြင်းမှာ ဘမ်းပရုတ်ဆီ မဟုတ်၊ အမျိုးမျိုးလက်တည့်စမ်းဖော်စပ်လုပ်ကိုင်ရာ၌ ဝါသနာပါသော အငြိမ်းစားအရာရှိကြီးတစ်ယောက်၏အိမ်၌ အခိုင်းအစေလုပ်၍နေရာမှ ဆေးနည်းတစ်ခုကို တိတ်တဆိတ် ခိုး၍ရသဖြင့် ငါလိုလူ ဇမ္ဗူမှာရှိသေးရဲ့လားဟု ကြုံးဝါးကာ ကျေးဇူးရှင်အငြိမ်းစားအရာရှိကြီးကို ပုန်ကန်ပြီး ထွက်၍လာသူဖြစ်ကြောင်း သိရလေသည်။

ထိုလူနှစ်ယောက်မှာ လူလုံးလူထည် ထည်ထည်ဝါဝါ ကြီးကြီးမားမားခံ့ညားသူများ ဖြစ်ကြလေရာ ကြီးသောကိုယ်နှင့် သေးငယ်သောစိတ် ပေါင်းစပ်၍နေသူများ ဖြစ်ကြလေသည်။

စိတ်သေးလျှင် အကြံသေး၏။ အကြံသေးသလောက်လည်း ပိုမို၍တက်ကြွတတ်ကြလေသည်။

ထူးဆန်းသော လူတစ်ယောက်ကိုလည်း တွေ့ဖူး၏။ အသားဖြူဖြူ လူရည်သန့်သန့်၊ ဒီမိုင်းရှစ်ချိုး မျက်နှာခံပါတ် ၇၀၀ ရုပ်ပုံတွေ များစွာပါသော အင်္ဂလိပ်စာအုပ်ကြီးတစ်အုပ်ကို ယူ၍လာပြီး ထိုစာအုပ်ကြီးကို ရုပ်ပုံနှင့်တကွ မြန်မာဘာသာပြန်ပြီး ပုံနှိပ်ပေးပါဟု ပြော၏။ စာအုပ်ပေါင်းဘယ်လောက်

ဘဝင်မြင့်သူ (A man of high stomach) ဟူသောစကားသည် ကဲ့ရဲ့သောစကားဖြစ်၏။ အပြောကြီးသူ၊ ကြွားသူဟူသောစကားလည်း ရှိလေသည်။ ကျွန်ုပ်တို့အများ တွေ့ကြုံဖူးသည်ကား အပြောကြီးသူတို့သည် အများအားဖြင့် အပြောမကြီးသူတို့ထက် ပိုမိုစွန့်စား၍ ပိုမိုရဲရင့်ကြလေသည်။

"လူပြောမသန်၊ လူသန်မပြော" ဟူသော စကားသည် အနည်းငယ်သာ မှန်၏။ မပြောခြင်းသည် အများအားဖြင့် ညံ့ဖျင်းခြင်း၏အမှတ်ဖြစ်လေသည်။ အလှူအိမ်၊ မသာအိမ် အာလာပသလ္လာပပြောကြသောသူများအထဲတွင် ခံ့ညားသောရုပ်အသွင်နှင့် ဆိတ်ငြိမ်စွာနေသောလူကြီးများကို တွေ့ရှိနိုင်၏။ ၎င်းတို့သည် အများအားဖြင့် လူသန်မပြောသမားများ မဟုတ်၊ မသန်၍မပြောသောသူများ များစွာရှိကြလေသည်။

ထိုနည်းတူစွာ ဘယ်သို့ ဘယ်ညာလုပ်ပြလိုက်မည်၊ ကြည့်သာနေကြ၊ လုပ်ပြလိုက်မည်၊ ကိုင်ပြလိုက်မည်ဟု ပြောသူပေါင်းတစ်ရာလျှင် ကိုးဆယ်ခန့်မှာ အဟုတ်တကယ် ကိုယ်စွမ်းကိုယုံကြည်သူများ ဖြစ်ကြလေသည်။ ထိုလူမျိုးသည် အကောင်းနှင့် မချွန်က အဆိုးနှင့် ချွန်တတ်ကြ၏။ မထင်မရှားကား နေလေ့မရှိကြပေ။

❖

### သေတစ်နေ့ မွေးတစ်နေ့

"သေတစ်နေ့ မွေးတစ်နေ့" ဟူသော စကားကို လူတိုင်းပြော၏။ မြန်မာလူမျိုးဟူသမျှ ထိုစကားကို မဆိုဖူးသူရှိမည် မဟုတ်ပေ။ စီးပွားပျက်သူ၊ ဖဲရှုံးသူ၊ မြင်းရှုံးသူတို့အနက် ချက်ချင်းပြန်၍ရအောင် လုပ်သောနည်းတစ်ခုရှိသည်ဟု အချို့မှတ်ထင်ကြသဖြင့် ရှုံးသည်ထက်တိုး၍ရှုံးကြရလေသည်။ ထိုနည်းကား လက်နက်ကိုပြကာ ခြိမ်းခြောက်လုယက်တိုက်ခိုက်ခြင်း ဖြစ်လေသည်။ ထိုအလုပ်မျိုးကို လုပ်တော့မည်ဟု စိတ်၌ဆုံးဖြတ်ချက်ချသောအခါ၌ "သေတစ်နေ့ မွေးတစ်နေ့" ဟူသော စကားကို ဆိုလေ့ရှိကြလေသည်။

ယခုပင် လောလောဆယ် ထိုဆုံးဖြတ်ချက်ကို ပြုကာ ထိုစကားကို ဆိုသောသူများ ရှိကြပေလိမ့်မည်။ ၎င်းတို့အား ဟိုးဟိုး ခဏဆိုင်းပါဦးဟု ကျွန်ုပ်တောင်းပန်၏။ ခဏရပ်ပြီး စဉ်းစားလိုက်ပါ။ "သေတစ်နေ့ မွေးတစ်နေ့" ဆိုသောစကားအရ အသင်၏ကိုယ်ကို သေလူဟုသဘောထားလိုက်သူဖြစ်လေပြီ။ ထိုစွန့်စားခြင်းသည် အတိုင်းမသိကြီးမားသောစွန့်စားခြင်းဖြစ်သည်ကို စဉ်းစားပါ။

ထိုမျှလောက်ကြီးသော စွန့်စားခြင်းမှာ မသေလျှင် စွန့်စားခြင်းကြီးသလောက် ကြီးမားသောအကျိုးစီးပွားကို ခံစားရရှိသင့်သည် မဟုတ်ပါလော။

အသင် ယခုစွန့်စားကာ သွား၍လုပ်မည်ဖြစ်သော အလုပ်အောင်မြင်ချေက စွန့် စားရသလောက်ကြီးမားသောအကျိုးကို ခံစားရပါမည်လား။ တစ်သောင်းတန်ပစ္စည်းကိုပင် ရစေကာမူ အသင်၏လက်သို့ ထိုပစ္စည်းရောက်သည်နှင့် တစ်ပြိုင်တည်း တစ်ထောင်မျှတန်တော့မည် မဟုတ်သည်ကို တွေးမိပါရဲ့လား။ ထိုမျှလောက် စွန့်စားရသည်နှင့်အညီ ထိုမျှလောက်ကြီးကျယ်သောအကျိုးစီးပွားကို ခံစားရနိုင်သော တရားသဖြင့်အလုပ်တွေ မရှိပါသလော။ သို့တည်းမဟုတ် တစ်မျိုးအားဖြင့် အကျိုးစီးပွား ခံစားရရှိစေနိုင်သည့် အခြားအလုပ်တွေ မရှိပါလော။

"သေတစ်နေ့" ဟူသော စကားကို ကြပ်ကြပ်စဉ်းစားပါလေ။ အသင်သည် သေမှာကို မကြောက်တော့ပြီ။ အသက်ကို စွန့်ဝံ့သောသူ၏အလုပ်သည် အသက်လောက် အဖိုးထိုက်သော အကျိုးစီးပွားကို မိမိ အတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း ဖြစ်ထွန်းနိုင်စေရမည် မဟုတ်ပါလော။ ခားပြတိုက်ရာ၌ အသက်ကိုစွန့်ဝံ့လျှင် လွတ်မြောက်ရေးအလုပ်၌ အသက်ကိုသာလွန်၍ မစွန့်ဝံ့ဘူးလား။ ဂုဏ်ကျက်သရေကင်းမဲ့စွာ အသက်ကို စွန့်လိုသလား၊ အမျိုး၏ရာဇဝင်၌ ကျောက်စာလိုတည်သော ဂုဏ်ကျက်သရေနှင့် အသက်ကို စွန့်လိုသလား။ နှစ်နှစ်ကာကာ စဉ်းစားပါလေ။

"သေတစ်နေ့ မွေးတစ်နေ့" ဟူသော စိတ်ကို မွန်မြတ်သောအလုပ်၌ ထားခြင်းနှင့် ဆိုးသွမ်းသောအလုပ်၌ထားခြင်း နှစ်မျိုးအနက် အဘယ်က ပို၍အကျိုးဖြစ်လွယ်ပါမည်နည်း။ အဘယ်အကျိုးက ပိုမို၍ ကြီးမည်နည်း။ သို့တည်းမဟုတ် သေတစ်နေ့ မွေးတစ်နေ့ဟူသော စိတ်ကိုဆောင်ကာ ရတနာ ရွှေ ငွေ ကျောက်သံပေါသော ငှက်တော၊ ခွေးတော၊ လဝ အရိုင်းတောတောင်များကို စွန့်၍သွားခြင်းနှင့် ခားပြတိုက်ခြင်းမှာ အဘယ်အရာက ပိုမို၍ ကြီးကျယ်ပါသနည်း။ သေခြင်းသည်ကား တူ၏။ မသေ၍ အောင်မြင်ရာ၌ကား တူမည်မဟုတ်ပေ။ သေခြင်းမှာပင်တည်း ယုတ်သောသေခြင်းနှင့် မြတ်သောသေခြင်းရှိလေရာ အဘယ်သေခြင်းကို လိုလားပါသနည်း။

သို့ဖြစ်လေရာ "သေတစ်နေ့ မွေးတစ်နေ့" ဟူသောစိတ်ကို ချီးမွမ်းလောက်သော အလုပ်၊ ဂုဏ်ယူလောက်သောအလုပ်၊ တကယ်ကြီးကျယ်နိုင်သောအလုပ်များ၌သာ ထားပါကုန်။ ဆိုးယုတ်သောအလုပ်၌ ထိုစိတ်ကိုထားခြင်းသည် အကျိုးမဲ့ဘဝဆုံးခြင်းမဟုတ်။ အကျိုးယုတ်သော ဘဝဆုံးခြင်းနှင့် အဆုံးသတ်ရမည်သော်လည်းကောင်း၊ တစ်သက်ပန်လုံးသော်လည်းကောင်း၊ conscience ခေါ်သော ဩမကစိတ်၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရမည်သော်လည်းကောင်း ဖြစ်တတ်လေသည်။

သို့အတွက် ရပ်ပါကုန်၊ ဆိုင်းပါကုန်၊ စဉ်းစားပါကုန်ဟု အသင့်အားတောင်းပန်ရခြင်း ဖြစ်လေသည်။ ။

# တစ်နေ့လျှင် လီတာ ၄၀ ဆံ့ အိုး ၈၀ မှ ၁၀၀ ကြား ထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက် မြဝတီမြို့သို့ရောက်ရှိ

**မြဝတီ ဩဂုတ် ၁၆**

ကရင်ပြည်နယ် မြဝတီမြို့တွင်တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံတွင် တပ်ဆင်သွားမည့် တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၈၀ မှ ၁၀၀ ကြားထုတ်လုပ်နိုင်မည့် အောက်ဆီဂျင်စက်ပစ္စည်းများ မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြဝတီမြို့သို့ ယမန်နေ့ နံနက် ၁၀ နာရီက ရောက်ရှိသည်။

အဆိုပါအောက်ဆီဂျင်စက်ပစ္စည်းများ ရောက်ရှိခြင်းနှင့် အောက်ဆီဂျင်စက်ရုံတည်ဆောက်နေသည့် အခြေအနေများကို စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးမြင့်ထွန်းနိုင်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတိုးဝင်း၊ မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကိုပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါအောက်ဆီဂျင်စက်ရုံကို ရပ်ကွက်(၆)တွင် အများပြည်သူ စုပေါင်းလှူဒါန်းငွေများဖြင့် မြဝတီဖောင်ဒေးရှင်းအသင်းမှ ဦးစီးဆောင်ရွက်လျက်ရှိပြီး စက်ရုံကို လာမည့်ဩဂုတ် ၂၅ ရက်တွင် စတင်လည်ပတ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီဖောင်ဒေးရှင်းအသင်းမှ အလျားပေ ၃၀၊ အနံပေ ၆၀ ရှိ အောက်ဆီဂျင်စက်ရုံကို ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်က စတင်တည်ဆောက်လျက်ရှိပြီး ယနေ့စက်ပစ္စည်းများရောက်ရှိကာ စက်ရုံစတင်လည်ပတ်နိုင်ပါက တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၈၀ မှ ၁၀၀ ကြား ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထွက်ရှိလာသည့်အောက်ဆီဂျင်များကို ဆေးရုံနှင့် ကိုဗစ်-၁၉ ရောဂါစင်တာများသို့ ပေးပို့သွားမည်ဖြစ်ပြီး အောက်ဆီဂျင်လိုအပ်လျက်ရှိသည့် အများပြည်သူအတွက်လည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

**ထိန်လင်းအောင်**





# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံရေပိုလွှဲမှ ရေကျော်နေမှု ဆက်လက်ကျဆင်း

**ပွင့်ဖြူ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် အဓိကမှီခိုအားထားရသည့် ကြီးအုံကြီးဝတမံသည် ယနေ့နံနက် ၆ နာရီ တိုင်းထွာအချက်အရ တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ရေပိုလွှဲမှ ရေကျော်နေမှု ဆက်လက်ကျဆင်းလျက်ရှိကြောင်း ကြီးအုံကြီးဝတမံမှ တာဝန်ခံ (AE) ဦးစိုးတင့်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် အထက်ပိုင်းဒေသများတွင် မိုးရွာသွန်းမှုကြောင့် တမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ပြီး ဩဂုတ် ၁၁ ရက်က တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် ၂ ဒသမ ၇ ပေခန့် ရေကျော်ကျမှုရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် တမံအတွင်း မိုးရေဝင်ရောက်မှုလျော့နည်းသွားသဖြင့် တမံရေပြည့်မှတ်အထက် ရေပိုလွှဲမှ ၁ ဒသမ ၈ ပေခန့်သာ ရေကျော်ကျမှုရှိတော့ကြောင်းနှင့် အဆိုပါ တမံရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေကို တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ ကြိုတင်သိရှိနိုင်စေရန်အတွက် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် မင်းဘူးခရိုင်အတွင်း ဆည်ရေအများဆုံး သိုလှောင်ထားနိုင်သည့် တမံတစ်ခုဖြစ်ကာ ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားထုတ်လွှတ်ပြီး ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကိုလည်း မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ပေးလျက်ရှိသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ (နှမ်း၊ မိုး၊ ဆောင်း) သီးနှံများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မဲဇလီရေလွှဲဆည်သို့ ရေများပို့လွှတ်ကာ ဆည်ရေသောက်ဧရိယာအတွင်းရှိ သီးနှံစိုက်ခင်းများကို စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက်ရရှိစေရန် ဖြန့်ဝေဆောင်ရွက်ပေးနေသဖြင့် ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေ အဓိကမှီခိုအားထားရသည့် တမံတစ်ခုလည်းဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွဋ်အောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဦးစားပေးအစီအစဉ်အလိုက် ထိုးနှံခြင်းကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီမှစတင်၍ ရမည်းသင်းမြို့ သီလဝခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်မြင့်မော်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ဦးစားပေးအစီအစဉ်အလိုက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ခရိုင်ပြန်/ဆက်)**

**ရန်ကုန်**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသေးသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား တာမွေမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် နှစ်နေရာခွဲ၍ ဆက်လက်ထိုးနှံပေးသည်။

လာရောက်ထိုးနှံသည့် သက်ကြီးရွယ်အိုများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်ကိုစနစ်တကျ ဆေးကြောစေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ တန်းစီစောင့်ဆိုင်းစေခြင်းအပါအဝင် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

**အရာတော်**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ ဆာဆာကာဝါခန်းမ၊ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့တွင် စုရပ်လေးနေရာ သတ်မှတ်ပြီး အဖွဲ့လေးဖွဲ့ခွဲကာ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာတွင် သံဃာတော် ငါးပါး၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွား ၁၃၃ ဦး၊ အခြားဦးစားပေးထိုးနှံသင့်သူ ၈၆၂ ဦး စုစုပေါင်း ၁၀၀၀ ကို ထိုးနှံပေးခဲ့ပြီး ဆေးထိုးရန်ကျန်သူများအား ဆေးရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# သာစည်မြို့နယ်၌ သာစည်-ညောင်ရမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောက်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**သာစည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေစေရန်အတွက် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လမ်းများအဆင့်မြှင့်တင်ခြင်း၊ ရေကျော်တည်ဆောက်ခြင်းများနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းငွေကျပ် ၁၇၉ ဒသမ ၉၆ သန်းဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်တည်ဆောက်ရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ သာစည်-ညောင်ရမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းငွေကျပ် ၁၇၉ ဒသမ ၉၆ သန်းဖြင့် လမ်းအရှည်ပေ (၁/၃မိုင်x၁၂'x၁၅") လုပ်ငန်းဆောင်ရွက်ထားရှိမှုအား မြို့နယ်တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်၊ အဖွဲ့ဝင် ဦးစိုးဝင်းအောင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးမှူး ဒေါ်ပိုပိုချစ်တို့ သွားရောက်၍ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သာစည်-ညောင်ရမ်းလမ်းသည် အရှည် ရှစ်မိုင်ရှိပြီး ကတ္တရာခင်းခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းဖြင့် အရှည်ပေ ၁/၆ မိုင်၊ တိုင်းဒေသကြီးဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်၂/၁ ဒသမ ၁၅ မိုင် ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ၁/၃ မိုင် ဆောင်ရွက်နေခြင်းဖြစ်ပြီး ကျန်ရှိနေသော၂/၄ ဒသမ ၈၅ မိုင်အားလည်း ရန်ပုံငွေရရှိရေး လျာထားထားရှိပြီး လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ၎င်းလမ်းများကို အသုံးပြုနေသော ကျေးရွာအုပ်စု ၁၁ အုပ်စုတို့၏ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရာတွင် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးကိစ္စရပ်များ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကမ္ဘာပေါ်ရှိ ထိုင်းတော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်ခြင်းလုပ်ငန်းများတွင် အလှူရှင်များထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း









[illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဝေဝေဖြူ
**မြန်မာစာဌာနမှူး(ငြိမ်း)၊ သစ်တောတက္ကသိုလ်**
### အသက်(၇၈)နှစ်

ဦးဝင်းကြည် (ပါမောက္ခချုပ်-ငြိမ်း၊ သစ်တောတက္ကသိုလ်)၏ဇနီး ဒေါ်ဝေဝေဖြူသည် ၁၄-၈-၂၀၂၁ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ဝေဝေဖြူ
**မြန်မာစာဌာနမှူး(ငြိမ်း)၊ သစ်တောတက္ကသိုလ်**
### အသက်(၇၈)နှစ်

ဦးဝင်းကြည် (ပါမောက္ခချုပ်-ငြိမ်း၊ သစ်တောတက္ကသိုလ်)၏ဇနီး ဒေါ်ဝေဝေဖြူသည် ၁၄-၈-၂၀၂၁ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဆရာဦးဇမောင်
Electrical Engineer(New Zealand), H.G.P, B.A(Psychology)

မေမြို့ T.H.S လ/ထနည်းပြ (ငြိမ်း) EX UNV Specialist
### အသက် (၇၇)နှစ်

ဆရာဦးဇမောင် အသက်(၇၇)နှစ်သည် (၁၄. ၈. ၂၀၂၁) ရက်နေ့တွင် သန်လျင်အမှတ်(၂၂) တပ်မတော်ဆေးရုံ ခုတင် (၁၀၀)၌ ကွယ်လွန် သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာကောင်းရာသုဂတိလားပါစေ။

မေမြို့ T.H.S ဆရာ၊ ဆရာမများ၊ ကျောင်းသားဟောင်းများနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးမောင်မောင်ခင်(ငြိမ်း)
### အသက်(၈၄)နှစ်

ဦးမြတ်သူ(ဒါရိုက်တာ၊ ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)-ဒေါ်သီတာခင်၊ ဒေါ်နီလာခင်၊ ဒေါ်စန္ဒာခင်(ဂမုန်းပွင့်ကုမ္ပဏီလီမိတက်)တို့၏ဖခင် ဗိုလ်မှူးမောင်မောင်ခင်(ငြိမ်း)သည် ၁၃-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်သိန်း
**မူလွန်ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)**
### အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၁၃၅)၊ သစ္စာလမ်း၊ အမှုထမ်းနယ်မြေ(၁၀)၊ အောင်ချမ်းသာကုံးထိပ်နေ (ဦးညွန့်မောင်-ဒေါ်အုန်းကျင်)တို့၏သမီး၊ (ဦးဘဖေ-ဒေါ်ခင်စိန်)တို့၏သမီးချွေးမ၊ ကိုဇေယျာဝေ-မစန်းစန်းနွယ်၊ ကိုကျော်ညီလတ်-မတင်ဇာအောင်၊ ကိုဇေယျာမင်း-မအေးမြမွန်၊ ကိုမျိုးမင်းသိန်း-မခင်လေးခိုင်တို့၏ မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောအဘွား၊ ဦးညွန့်ဝေ(ဖန်ချက်စက်ရုံ-ငြိမ်း)၏ ဇနီးသည် ၁၆-၈-၂၀၂၁ (တနလ်ာနေ့) နံနက် ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် သန်လျင်အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၈-၂၀၂၁ ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူဒါယိကာမကြီး**
### ဒေါ်ခင်သန်းနွယ်(မော်လမြိုင်)
### အသက်(၇၀)

မော်လမြိုင်မြို့နေ (ဦးယူစွမ်-ဒေါ်ရှုလွမ်)တို့၏ချစ်လှစွာသော သမီး၊ ဦးဝေလင်းကြည်၏ ဇနီး၊ ရန်ကုန်မြို့နေ (ဦးတင်မောင်ကြည်-ဒေါ်စိန်စိန်ကြည်)တို့၏ သမီးချွေးမ၊ (ဦးမျိုးအောင်)၊ (ဦးခင်မောင်ထွန်း-ဒေါ်ခင်ထားနွယ်)တို့၏ ညီမ၊ ဒေါ်ခင်အေးနွယ်၊ ဒေါက်တာဝင်းနိုင်-ဒေါ်ခင်ချိုနွယ်၊ ဦးမျိုးဆောင်-ဒေါ်ဌေးဌေး၊ (ဦးမျိုးခန့်)၊ ဦးမျိုးသန့်၊ ဦးမြင့်ဦး-ဒေါ်ခင်နန်းနွယ်ထွေးတို့၏ အစ်မ၊ ဦးဝင်းအောင်ဇော်-ဒေါ်တင်နွယ်လင်း၊ ဦးပြည့်ဖြိုးအောင်-ဒေါ်ကေသွယ်လင်း၊ ဦးခင်မောင်ထွန်း-ဒေါ်သန္တာလင်း၊ ဦးရဲလင်းအောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်ခင်သန်းနွယ်သည် ၁၃-၈-၂၀၂၁ (သောကြာနေ့) နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂:၄၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## သင့်သွေးဖြင့် အသက်ကယ်ပါ

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
### ဦးတင်ဝင်း
**ပြန်ဆက်ဦးစီးမှူး(ငြိမ်း) (မော်ကျွန်း)**
### အသက်(၈၁)နှစ်

တောင်ငူမြို့နေ (ဦးသွယ်-ဒေါ်အုန်းစိန်)တို့၏သားငယ်၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကောလိယ(၃၂)လမ်း၊ အမှတ်(၃၈၆/ခ)နေ ဒေါ်မြတ်မြတ်မူ (ရန်ကုန်အရှေ့ပိုင်းခရိုင် ပညာရေးမှူး-ငြိမ်း)၊ MMAC ကိုယ်ပိုင်အထက်တန်းကျောင်းမှ အဆောင်မှူးဆရာမကြီး၏ ခင်ပွန်း၊ ဦးသက်နိုင်ဦး-ဒေါ်ထူးသန္တာဝင့် (Zeya & Associates Co., Ltd)၊ ဦးနန္ဒအေးအောင်-ဒေါ်သိမ့်သိင်္ဂီဝင့်(Yokogawa Company Ltd.) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိမ့်အိန္ဒြေဦး၊ မောင်သုဘုန်းပြည့်စုံ၊ မဖြူစင်ဝင့်ရတီတို့၏ အဘိုးသည် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂:၄၅ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၁ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးကျော်ငြိမ်း
**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) စီမံကိန်း**
### အသက်(၈၀)

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊သုဝဏ္ဏ၊ ကမာကြည်လမ်း၊ ကောက်စောလမ်းသွယ်၊ အမှတ် (၅၆/၂)နေ (ဒေါ်ဌေးဌေး)၏ ချစ်လှစွာသောခင်ပွန်းသည် ၅-၈-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဖောင်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဦးစိုးမောင်(ခ) ဦးစိုးမြင့်
**အရာခံဗိုလ် (ငြိမ်း)**

ပည-၅၁/ရေ ၁၃၄၁၁
### အသက်(၇၄)နှစ်

ပျဉ်းမနားမြို့နေ (ဦးအုန်းငွေ-ဒေါ်သာယုံ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသောင်းရွှေ-ဒေါ်ခင်ဝင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ် (၈၃၅)နေ ဦးသန်းဇော်ဦး-ဒေါ်ဆန်းဆန်းဦး(ခ) ဇာခြည်စိုး၊ ဦးရဲလင်းစိုး-ဒေါ်ဝတ်ရည်လွင်တို့၏ဖခင်၊ မောင်ဘုန်းဟိဏ်းထက်၏ အဘိုး၊ ဒေါ်ဖြူဖြူ၏ ခင်ပွန်းသည် ၁၅-၈-၂၀၂၁ ရက် မွန်းလွဲ ၂:၅၅ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄:၅၀ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးမျိုးမြင့်ဖေ(ဘိုဘို)
**B.E(Chemical)1972**
### အသက်(၇၂)နှစ်

မိတ္ထီလာမြို့နေ (ဦးအေးဖေ-ဒေါ်သန်း)တို့၏သားငယ်၊ (ဦးညိုလှ-ဒေါ်သန်း)တို့၏ သားသမက်၊ ဦးမြင့်သိန်းဖေ-ဒေါ်ခင်ချိုဝင်း၊ ဦးရဲမြင့်ဖေ-ဒေါ်ညိုညို၊ (ဗိုလ်မှူးဖေသိန်း-ဒေါ်ရီရီမြင့်)၊ ဦးညွန့်မောင်-(ဒေါ်ဝင်းကြည်)၊ (ဒေါက်တာစန်းစန်းလှ)၊ ဦးဇော်ဝင်း-ဒေါ်ကြည်ကြည်စိုး၊ ဒေါ်ရီရီမြင့်တို့၏ ညီ/မောင်/အစ်ကို၊ ဒေါ်သန်းသန်းလှ(အထပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း ဦးမျိုးမြင့်ဖေသည် ၁၅-၈-၂၀၂၁ ရက် ည ၈:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဒဂုံ(မြောက်)မြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဒေါ်အေးအေးမူ
**ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့ဆားလုပ်ငန်း**
### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်လှိုင်-ဒေါ်လှမြင့်)၊ (ဦးအောင်စိန်-ဒေါ်ညွန့်ညွန့်)တို့၏ သမီး၊ ဒေါ်မိုးမိုးဝါ(ခေတ္တ-ကူဝိတ်)၊ ဦးချစ်မင်းသူ-ဒေါ်ဟန်နီမြင့်မြတ်သိန်း၊ ဦးလူလှ-ဒေါ်နန်းသိမ့်သီရိဖူးတို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွား၊ ဦးမြင့်သိန်း[မ/မ-စတိုး(ငြိမ်း)]၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးမူသည် ၁၅-၈-၂၀၂၁ (တနင်္ဂနွေနေ့) ည ၈:၁၅ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၁ (တနလ်ာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ရဟန်းဒါယကာကြီး**
### ဦးလှကျော်
**စစ်ကွင်းအသင်းနာယက**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ တိုက်(၄၄)၊ အခန်း(၇)၊ ပေါ်ဆန်းမွှေးလမ်းနေ ဒေါ်တင်တင်ထွေး၏ ချစ်လှစွာသော ခင်ပွန်း၊ စစ်ကွင်းအသင်းဖြစ်မြောက်ရေး ဦးဆောင်ပါဝင်ခဲ့သူ အသင်း၏နာယကကြီး ဦးလှကျော်သည် (၉၆)ပါးသောရောဂါဖြင့် ၁၃-၈-၂၀၂၁ ရက် ညနေ ၅:၁၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကွင်းအသင်းနှင့်အသင်းသူ၊ အသင်းသားများ**

### ဦးအောင်သန်းဦး
**ဘူမိဗေဒအရာရှိ**
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက်(၂၀)၊ အခန်း(၄)နေ (ဦးဘတင်-ဒေါ်ငွေမေ)တို့၏ သားကြီး၊ (ဦးထွန်းထွန်း)-ဒေါ်ခင်လေးတင်တို့၏ အစ်ကို၊ ဒေါ်ယုဇန(အ.ထ.က-၁၊ ဒဂုံ)၏ ခင်ပွန်း၊ ဒေါက်တာအောင်ခိုင်ဇံ-ဒေါက်တာကလျာ၊ ဦးအောင်ခိုင်ဇော်-ဒေါ်မေမီအောင်၊ ဒေါ်အင်ကြင်းစံတို့၏ ဖခင်၊ မေကံ့ကော်၊ မင်းဇံမောင်၊ ဉာဏ်ပိုင်ဦးတို့၏ အဘိုးရှင်သည် ၁၆-၈-၂၀၂၁ (တနင်္လာနေ့) နံနက် ၆:၃၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်သင်တန်း(၂၈)မှ ၃-၈-၂၀၂၁ ရက် ရန်ကုန်တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားသော ဒုဗိုလ်မှူးကြီး အောင်မြင့်(ငြိမ်း) အသက်(၈၉)နှစ်နှင့် ၁၂-၈-၂၀၂၁ ရက် မြင်းခြံမြို့တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားသော ဗိုလ်မှူး တင်အောင်(ငြိမ်း) အသက်(၉၀)တို့၏ ကွယ်လွန်ခြင်းများ အတွက် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲရပါသည်။

ကောင်းရာသုဂတိသို့ ရောက်ပါစေ။

မှ/

**ဗိုလ်သင်တန်း(၂၈)မှ အပေါင်းအသင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်ထွေးအောင်
### အသက်(၅၃)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ လက်ထောက်အထွေထွေမန်နေဂျာ၊ ဦးစိုးမြင့်လွင်၏ ချစ်လှစွာသောဇနီး ဒေါ်တင်ထွေးအောင်သည် ၁၆-၈-၂၀၂၁ ရက် ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ**
**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ ကား အလှူ့ဒါယကာကြီး**
### ဦးအောင်ကျော် (B.Sc,BL) မြိတ်မြို့
**(စက္ကူ/ဓာတု၊ စက်မှု-၁)**
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို၊ တိုက် (A)၊ အခန်း (၄၀၄)နေ ဒေါ်မိမိလေး (တရားရုံးချုပ်ရှေ့နေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ထွန်း (Director,Maxpower (Thaketa) Co., Ltd/ CEO-Consultant International Co., Ltd)- ဒေါ်မိမိကျော် (General Manager EMH Technology S'pore)တို့၏ ချစ်လှစွာသောဖခင်ကြီး ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Consultant International Co.,Ltd (CIC) ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**

### ဦးထွဋ်အောင်(ခ) Terrance Paw Thein
**ဗိုလ်ချုပ်အောင်ဆန်းဈေး**
### အသက်(၇၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူ(၁)လမ်း၊ အမှတ်(၅၁)နေ (ဦးပေါ်သိမ်း-ဒေါ်လှကြည်)တို့၏ သားကြီး၊ (ဦးရှိန်ဝင်း-ဒေါ်ရွှေ)တို့၏ သားသမက်၊ ဒေါ်ခင်ခင်အေး (ခေတ္တ-Taiwan)၏ ချစ်လှစွာသောခင်ပွန်း၊ Taiwan၊ Taipei မြို့နေ Mr.Gin Lee-မစုရည်မွန်၊ ကိုအောင်သူ-Connie Mai တို့၏ ချစ်လှစွာသောဖခင်၊ Dr. ဒေါ်သန်းသန်းနွဲ့ (ဆေးရုံအုပ်ကြီး၊ S.S.C ဆေးရုံ)၊ (ဦးဦးချို)-ဒေါ်သိန်းသိန်းနွဲ့၊ ဒေါ်သောင်းသောင်းနွဲ့ (အ.ထ.ပြ-ငြိမ်း၊ အ.ထ.က-၂၊ ဗဟန်း)၊ ဦးကျော်ကျော်စိုး-(ဒေါ်ခင်အေးမြင့်)တို့၏အစ်ကိုကြီး၊ ကိုမျိုးမင်းမြတ်-မကြည်စုလှိုင်၊ မမြတ်သန္တာတို့၏ ဘဘကြီး၊ မောင်ဉာဏ်လင်းဆက်၊ မောင်ပိုင်ထူးဆက်၊ မစုမြတ်သံစဉ်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၁၄-၈-၂၀၂၁ (စနေနေ့) မွန်းလွဲ ၁နာရီတွင် S.S.Cဆေးရုံး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်သည်။ ကျန်ရစ်သူမိသားစု

## အားကစား မြင့်တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး

## ဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်မှူးကျော်ကျော်နိုင်(ငြိမ်း)

**အသက် (၅၅) နှစ်**

**O.T.S(၈၅)၊ သီဟတပ်ခွဲ**

ဗိုလ်ကြီး ဒေါက်တာသန်းသန်းခင်(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မဆွေဆွေလှိုင်၊ မရွှေရည်ဖြိုးတို့၏ ချစ်လှစွာသော ဖခင်ဖြစ်သူ ဗိုလ်မှူးကျော်ကျော်နိုင်(ငြိမ်း)သည် ၁၄-၈-၂၀၂၁ ရက်၊ ညနေ ၆:၀၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)၊ သီဟတပ်ခွဲ**
**ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## ဒေါ်ခင်မြင့်ရီ(ခ)ဒေါ်မြင့်ရီ

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စိမ့်စမ်းလမ်း၊ အမှတ်(၉၁)နေ (ဦးမောင်မောင်-ဒေါ်နှင်းကြိုင်)တို့၏ သမီး၊ ဦးထွန်းလှရွှေ (YESP-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးသန့်ဇင်ထွန်း(ညွှန်ကြားရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဗိုလ်မှူးဒေါ်စောအေးသီ၊ ဒေါ်ငြိမ်းငြိမ်းထွန်း(ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဒုတိယဗိုလ်မှူးကြီး ဦးရဲမင်းထွန်း(ငြိမ်း)၊ ဒေါ်တင်တင်နွယ်၊ ဦးသက်ဦးတို့၏ မိခင်၊ မပြည့်သော်တာထွန်း၊ မောင်မင်းသီဟထွန်း၊ မောင်လင်းဝေယံထွန်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်မြင့်ရီသည် ၁၅-၈-၂၀၂၁ ရက် ည ၁၂:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၁ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိသားစုဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

# ဒေါက်တာ ရဲအောင်

**(ကိုဗစ်-၁၉ ကုသရေး၊ လိုင်စင်တာ တာဝန်ခံ)**

**(ရန်ကုန်တိုင်းဒေသကြီး၊ သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ)**

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သုဓမ္မမဏိဇောတဓရ**

**(လူမှုထူးချွန်)**

**အသက်(၆၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဖိုးစိန်လမ်း၊ အမှတ်(၂၇/က)နေ ဒေါ်လွဲလွဲဝင်း၏ချစ်လှစွာသောခင်ပွန်း ဒေါက်တာရဲအောင် (ကိုဗစ်-၁၉ ကုသရေး၊ လိုင်စင်တာ တာဝန်ခံ) သည် ၁၄-၈-၂၀၂၁ရက်(စနေနေ့) ညနေ ၄:၅၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်
ဝန်ကြီးများနှင့် ဥပဒေချုပ်
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

# ဦးအေး(ဒါးပိန်)

## ဦးစီးအရာရှိ(ငြိမ်း)၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

## အသက်(၈၃)နှစ်

(ဦးလှဖေ-ဒေါ်သန်းမေ)တို့၏သားငယ်၊ (ဦးပါကြီး-ဒေါ်ကြာမြိုင်)တို့၏ သားသမက်၊ (ဒေါ်စန်းစန်း)၊ (ဦးကျော်မြိုင်)-ဒေါ်ရီရီမြ၊ (ဒေါ်ထားထား)၊ (ဦးလေးမောင်-ဒေါ်မြသိန်း)တို့၏ညီမောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ခတ္တာလမ်း၊ အမှတ်(၆၅)နေ ဒေါ်စိန်မြရင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းအောင်-ဒေါ်စိုးမြမြအေး၊ ဒေါ်စောမြမြအေး၊ ဦးကျော်စွာအေး-ဒေါ်စုစုမာ၊ ဦးအောင်ကျော်မင်း-(ဒေါ်ဝင်းမြမြအေး)၊ ဦးကျော်မျိုးအေး-ဒေါ်ချိုချိုခိုင်၊ ဒေါ်နှင်းမြမြအေး၊ ဦးကျော်သူအေး-ဒေါ်စန်းစန်းဌေး၊ ဦးအောင်သန်းထွန်း-ဒေါ်တင့်မြမြအေး၊ ဦးကျော်ဖြိုးအေး-ဒေါ်ခွန်ခွန်တို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးအေးသည် ၁၅-၈-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၃:၅၅ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၂၁(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးအောင်ခိုင်(ခ)Philip

## First Pillar Trading Companies

## အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ [ဦးအောင်ကြီး (ဗိုလ်မှူး-ငြိမ်း၊ တပ်မတော်လေ)-ဒေါ်စန်းစန်းမြင့်(ခ) ဒေါ်ဘက်တီ]တို့၏ သား၊ ပြည်မြို့နေ (ဦးသန်းမောင်-ဒေါ်သိန်းနု)တို့၏ သားသမက်၊ (Uncle Harvard)-ဒေါ်မြင့်မြင့်စိန်၊ [ဦးသိန်းစိုး(ခ)မိုက်ကယ်]၊ USAနေ Mr.Robert Suslavich & Mrs.June Suslavich တို့၏ တူ၊ အမှတ်(၁၁/H)၊ ပေါက်စေတီလမ်းသွယ်(၂)၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ သုဓမ္မသိင်္ဂီ ဒေါ်ခင်ကြူကြူသန်း၏ ချစ်လှစွာသောခင်ပွန်း၊ [ဦးကျော်ဝေ-ဒေါ်အေးအေးမြင့် (ခ)Dimple]၊ ဦးဆွေမြင့်-[ဒေါ်ဝင်းဝင်းမေ(ခ) ဘေဘီ]၊ ဦးတင်လှိုင်-ဒေါ်နွယ်နီဝင်း(IBS)၊ ဦးအောင်စိုးဝင်း-ဒေါ်နွယ်နွယ်ဆင့်(ဆန်းသစ်အောင် ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးမြင့်စိုး-ဒေါ်သန်းသန်းစု(IBS ကုမ္ပဏီ)တို့၏ အစ်ကို/မောင်၊ ဦးနိုင်နိုင်တင်-ဒေါ်ကေပိုင်ပိုင်ချစ်ရွှေအောင်၊ မောင်အောင်ကောင်းဆက်တို့၏ ဖခင်၊ တူ/တူမ ၁၁ယောက်တို့၏ ဦးကြီး ဦးအောင်ခိုင်(ခ)Philip အသက်(၆၃)နှစ်သည် ၄-၈-၂၀၂၁ ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိ၍ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၈-၂၀၂၁ ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ရက်လည်ဆွမ်းကျွေးကောင်းမှုကုသိုလ်များ ပြုလုပ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

# ဒေါ်ကြည်ကြည်

**အထက်တန်းပြဆရာမ(ငြိမ်း)**

**အ.ထ.က(၁)ဗဟန်း**

## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၅၉၉/စီ)၊ စံရိပ်ငြိမ် (၆) လမ်းနေ (ဦးမြသိန်း-ဒေါ်သန်းတင်)တို့၏ သမီး၊ (ဦးမင်း-ဒေါ်သီ)တို့၏ သမီးချွေးမ၊ (ဦးအင်ဆိုင်းနော်-ဒေါ်ရီ)တို့၏ အစ်မ၊ (ဥပဒေပါမောက္ခ ဦးတင်အုံး)၏ ချစ်လှစွာသောဇနီး၊ ဦးလှထူးကျော်-ဒေါက်တာလှမြတ်မွန်တို့၏ ချစ်လှစွာသောမိခင်၊ မရည်လွင်ဦး-အယ်လဗင်ယုချမ်းဟန်တို့၏ ချစ်လှစွာသောအဘွားသည် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့) ည ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၁ (သောကြာနေ့)တွင် ထိန်ပင်သာသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီ ဦးဘညွန့်(Maurice)(ခ)Masood Ahmed Khan

**ကမာရွတ်မြို့နယ်၊ အခွန်ဦးစီးမှူး(ငြိမ်း)**

## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၇၉)နေ (ဦးဂျေ.အေ.ခါးန်-ဒေါ်အေးလှ)တို့၏ သား၊ (ဒေါက်တာဦးအီဗရာဟင်-ဒေါ်မေ)တို့၏ သားသမက်၊ ဟာဂျီမ ဒေါ်ခင်ခင်ညို(အလယ်တန်းကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဇော်ဝင်းထွတ်-မသီတာဝင်းတို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၂၈-၇-၂၀၂၁ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် လူကြီးရောဂါဖြင့် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးစွန္နီကဗရ်စတာန်တွင် ဒါဖနာ(မြေမြှုပ်သင်္ဂြိုဟ်)ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

# ဦးစောလူဒီ

**မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အမှတ်(၅၂/A)နေ ဒေါ်ရှယ်လီ၏ခင်ပွန်း၊ စောလယ်မူ-မလှလှသောင်း၊ စောကျော်ကျော်-နော်လေးဝါးရှီး၊ နော်စံပယ်ဖြူတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၀-၈-၂၀၂၁(အင်္ဂါနေ့) ည ၇:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၈-၂၀၂၁ (ဗုဒ္ဓဟူးနေ့)မွန်းလွဲတွင် ထိန်ပင်သုသာန်၌ ကောင်းမွန်စွာဂူသွင်းမြှုပ်နှံပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**CONDOLENCE**

OUR DEEPEST SYM PATHY AND HEART FELT CONDOLENCE TO THE FAMILY OF

(A) PROF.DR. U THAN AUNG-FAMOUS GEN SURGEON
(B) PROF.DR. U MYINT SWE- SUCCESS FUL ORTHO PAEDEC SURGEON
(C) DR. U SIT TIN-WRITER, FAMILY MEDICINE SPECIALIST
(D) DR.DAW AYE MYAT THU-YOUNG GENERAL PRACTITIONER

PASSED AWAY PEACE FULLY IN AUGUST-2021.

**FROM-DR.KYI PE LAW-REGIONAL GENERAL SECRETARY**
**MMA-AYEYARWADDY-REGION**

## သင့်သွေးဖြင့်
## အသက်ကယ်ပါ

အဂတိ ပယ်ခွာ
ပြည်သာယာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ ကျင်းပမည့် ကာလအပေါ်မူတည်၍ မြန်မာဖူဆယ်အသင်းများ ပြင်ဆင်မည်

ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းသည် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ကာလအပေါ်မူတည်၍ ပြင်ဆင်သွားမည်ဖြစ်သည်။

**ရွှေ့ဆိုင်းထား**

(၃၁)ကြိမ်မြောက် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲကို ယခင်က ယခုနှစ်ကုန်ပိုင်းတွင် ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းများသည် ယခင်က ယခုနှစ်အတွင်းကျင်းပဖြစ်ပါက နှစ်လယ်ပိုင်းတွင် စတင်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲရွှေ့ဆိုင်းသွားသဖြင့် လေ့ကျင့်မည့်အစီအစဉ်ကို ရွှေ့ဆိုင်းထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်ကို နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ထားသော်လည်း မြန်မာ့လက်ရွေးစင်အမျိုးသားဖူဆယ်အသင်းနည်းပြချုပ်ကိုမူ တရားဝင်ထုတ်ပြန်ခြင်း မရှိသေးပေ။

**ယှဉ်ပြိုင်ခွင့်ရရန် မသေချာ**

မြန်မာဖူဆယ်အသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်ကတည်းက နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်းမရှိသေးဘဲ ယခုနှစ်ကုန်ပိုင်းတွင်လည်း ယှဉ်ပြိုင်ခွင့်ရရန် မသေချာသေးကြောင်း သိရသည်။ စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ❖

# စပါးအသင်းက မန်စီးတီးအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၁)ရဲ့ အကောင်းဆုံးပွဲစဉ်နဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ စပါးအသင်းနဲ့ မန်စီးတီးအသင်းတို့ ပွဲစဉ်မှာ စပါးအသင်းဟာ တိုက်စစ်မှူး ဟယ်ရီကိန်း ပါဝင်လာခြင်းမရှိပေမယ့် တိုက်စစ်မှူး ဆွန်ဟောင်မင်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ မန်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ မန်စီးတီးအသင်းကို ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တာကြောင့် စပါးအသင်းနည်းပြ နူနိုအက်စ်ပီရီတိုဆန်တိုက မန်စီးတီးအသင်းနဲ့ပွဲစဉ်မှာ ရွေးချယ်ခြင်းမပြုခဲ့တာလည်း ဖြစ်ပါတယ်။

စပါးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး ဆွန်ဟောင်မင်က ပွဲကစားချိန် ၅၅ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စပါးအသင်းက မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ စပါးအသင်းနည်းပြသစ် နူနိုအက်စ်ပီရီတိုဆန်တိုအတွက် စပါးအသင်းနဲ့အတူ စာမျက်နှာ ၂၄ ကော်လံ ၄ သို့ ❍





ချယ်ရီသင်္ဘောခရီးစဉ် ပြေးဆွဲပေးနေမှုကို တွေ့ရစဉ်။

# ရန်ကုန်(ပန်းဆိုးတန်း/ဒလ) ကူးတို့ဆိပ်ကမ်း၌ ရေယာဉ်ခရီးစဉ်အချိန်နှင့် သင်္ဘောခေါက်ရေများ ပြောင်းလဲပြေးဆွဲ

ရန်ကုန် ဩဂုတ် ၁၆

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသော ကာလများနှင့် ရုံးပိတ်ရက်ရှည်ကာလများအတွင်း ရန်ကုန်(ပန်းဆိုးတန်း/ဒလ)ကူးတို့သင်္ဘောဆိပ်ကမ်း၌ ခရီးသည်များ ကူးသန်းသွားလာမှုအခြေအနေပေါ်မူတည်၍ ခရီးသည်များ အဆင်ပြေစေရေးအတွက် ရေယာဉ်ခရီးစဉ်အချိန်နှင့် အခေါက်ရေများကို ပြောင်းလဲပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ သိရသည်။ စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ❐

**ကြေးမုံ ယနေ့ ဖတ်စရာ**

ဆူပူအကြမ်းဖက်သူ လူအုပ်စုများက လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများ အသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင် စာမျက်နှာ » ၁၄

ဩဂုတ် ၁၆ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ပိုးရှိ လူနာသစ် ၂၇၀၆ ဦးတွေ့ရှိ စာမျက်နှာ » ၂၀

ဆရာကြီး ပီမိုးနင်း၏ ဆောင်းပါး လူ၏အစွမ်း စာမျက်နှာ » ၂၅